# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 17 July 2022 ၁၀၇၉၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Novosibirsk မြို့သို့ ရောက်ရှိ၊ Novosibirsk State University နှင့် Higher Military Command School တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၁၆**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ ပူကောဗာ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် Novosibirsk မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Novosibirsk မြို့ Tolmachevo လေဆိပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✫


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား Novosibirsk မြို့ Tolmachevo လေဆိပ်၌ တာဝန်ရှိသူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## ယနေ့ ဖတ်စရာ


**လဝါဆို အခါအတွင်းက လွမ်းဖွယ့်သမိုင်း. . .** ဆောင်းပါး စာမျက်နှာ - ၈

**မိန့်မြွက်ထွေပြား ဟောဖော်ကြားသည့် ဓမ္မစက္က အနှစ်ချုပ်တရား** ဆောင်းပါး စာမျက်နှာ - ၁၁

**စပိန်နိုင်ငံ၌ အပူလှိုင်းကျရောက်မှုကြောင့် သုံးရက်တာအတွင်း ၈၄ ဦးသေဆုံး** စာမျက်နှာ - ၁၃

**အာလူးစိုက်တောင်သူ အကျိုးအမြတ်များဖို့ မျိုးအာလူး ဖြန့်ဝေမှုစနစ် ထူထောင်စို့** ဆောင်းပါး စာမျက်နှာ - ၂၃

ကြေးမုံ

# လူဦးရေနှင့်အိမ်အကြောင်းအရာ နိုင်ငံနှင့်ပြည်သူအတွက် အရေးပါ

နိုင်ငံတွင်ရှိသည့် လူဦးရေနှင့်အိမ်အကြောင်းအရာများ ပြည့်စုံမှန်ကန်စွာ ရရှိထားမှသာ နိုင်ငံနှင့်ပြည်သူအကျိုးစီးပွားအတွက် ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ နယ်မြေဒေသများရှိ လူဦးရေနှင့်အိမ်အကြောင်းအရာများကို အစဉ်အမြဲမှန်ကန်ပြည့်စုံအောင် ကောက်ယူထားနိုင်မှသာ ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့်လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ပြည်သူတို့သည် များသောအားဖြင့် မိမိတို့ဒေသတွင်သာ အတည်တကျ နေထိုင်ကြရာမှ ပြောင်းလဲလာသော လူမှုဘဝအခြေအနေများအရ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှုများရှိလာကြသည်။ ထို့ကြောင့် လူဦးရေနှင့် အိမ်အကြောင်းအရာ အချက်အလက်များ မှန်ကန်စွာရရှိရန်အတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ဆယ်စုနှစ်အလိုက် ဆောင်ရွက်ကြသည်။ တိုးပွားနေသောလူဦးရေနှင့် အတည်တကျမရှိသော ရွှေ့ပြောင်းသွားလာနေထိုင်မှုများကြောင့် တိကျမှန်ကန်သော လူဦးရေစာရင်းရရှိရန်အတွက် အခက်အခဲများရှိမည်ဖြစ်ရာ မှန်ကန်သော အချက်အလက်များရရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်က ဆောင်ရွက်ခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်၌ ၁၀ နှစ် ပြည့်ပြီဖြစ်၍ ပြောင်းလဲလာသော ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာ ရရှိရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။ လာမည့်ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာ ရရှိရေး၊ နိုင်ငံသားတိုင်း အသိအမှတ်ပြုကတ်ပြားတစ်မျိုးမျိုး မဖြစ်မနေရရှိရေး အတွက် ပန်းခင်းစီမံချက်ဖြင့် သတ်မှတ်ကာလအတွင်းဆောင်ရွက်ခဲ့ရာ တိုင်းလုံးကျွတ်လျာထားချက်ရာခိုင်နှုန်း ပြည့်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပေသည်။

၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းကောက်ယူရာ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူရမည်ဖြစ်ရာ လုပ်ငန်းပမာဏအများဆုံးနှင့် အကျယ်ပြန့်ဆုံးဖြစ်၍ မြေပုံရေးဆွဲပြုစုခြင်းနှင့် စာရင်းကောက်ကွက်များဖွဲ့စည်းခြင်းလုပ်ငန်းများကို အချိန်အကြာဆုံး၊ လူအင်အားနှင့်ငွေအင်အားအများဆုံးအသုံးပြုနေကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူစဉ်က GIS နည်းပညာဖြင့် မြေပုံရေးဆွဲခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချက်အလက်များ မှန်ကန်စွာရရှိရေးအတွက် ရပ်ကွက်/ကျေးရွာ တည်နေရာပွိုင့်များ ကောက်ယူခြင်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆောင်ရွက်နိုင်ရန် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ နိုင်ငံတော်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများအောင်မြင်စေရန် သက်ဆိုင်ရာဌာနများက ကြိုးပမ်းဆောင်ရွက်နေစဉ် အခြားအများပြည်သူနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများကလည်း လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိခြင်းသည် နိုင်ငံအတွက်အရေးပါပြီး ပြည်သူများ အကျိုးစီးပွားအတွက် များစွာအထောက်အကူပြုပုံတို့ကို အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံပြုလုပ်ပေးသင့်သည်။ သို့မှသာ ပြည်သူများအမြင်တွင် နားလည်သဘောပေါက်ပြီး လုပ်ငန်းများအောင်မြင်ရန်အတွက် ပြည်သူများ ပူးပေါင်းပါဝင်မှုအားကောင်းလာမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးပါလျက်ရှိရာ အများပြည်သူနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများအနေဖြင့် ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးခြင်း၊ အကောင်းဆုံးကူညီဆောင်ရွက်ပေးခြင်း၊ အကောင်းဆုံးနွေးထွေးပျူငှာစွာ ဆက်ဆံခြင်းဖြင့် ပြည်သူများ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို နိုင်ငံတော်စီမံချက်ဖြင့် ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်း၊ လုပ်ငန်းဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်း လုပ်ငန်းစဉ်လေးရပ်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ အချိန် ၅၁ လခန့်ဖြင့် လျာထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်က ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့ပြီး နှစ်ပေါင်း ၃၀ ကြာပြီးနောက် ၂၀၁၄ ခုနှစ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခဲ့သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ ၅၁ ဒသမ ၅ သန်းရှိပြီး ပေါ်ထွက်လာသော စာရင်းအချက်အလက်ရလဒ်များအရ နိုင်ငံနှင့်လူမျိုးအတွက် သတိပြုဆင်ခြင် ပြုပြင်ပြောင်းလဲဖြည့်ဆည်းဆောင်ရွက်ရမည့်အကြောင်းအရာများ ရရှိခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံနှင့်ပြည်သူများအတွက် အရေးပါသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစီမံချက်အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူမည်

**နေပြည်တော် ဇူလိုင် ၁၆**

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန ရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာန အဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့တွင် (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အလွတ်တန်းစစ်တုရင်ပြိုင်ပွဲ ကျင်းပ

**ညောင်လေးပင် ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အလွတ်တန်းစစ်တုရင်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။



ပြိုင်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်နီနီဝင်းက စစ်တုရင်ကစားခြင်းဖြင့် မည်သည့်အကြောင်းအရာကိစ္စကိုမဆို လုပ်ရဲတဲ့သတ္တိ မြင့်မားစေကြောင်း၊ ဦးနှောက်နှင့်ကိုယ်ပိုင်ဉာဏ်ကို မြင့်မားစေကြောင်း စည်းစနစ်ကျစွာတွေးခေါ်မြော်မြင်နိုင်စွမ်းကို ပေးစေနိုင်ရန် ပြိုင်ပွဲကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က ပြိုင်ပွဲ၏ ပထမရွှေ့ကွက်အား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများနှင့် စစ်တုရင်ပြိုင်ပွဲဝင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

❖

## မော်ဘီမြို့နယ်တွင် တီရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ရွက်

**မော်ဘီ ဇူလိုင် ၁၆**

မော်ဘီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောင်၍ ဒုတိယဦးစီးမှူးများ၊ တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ ပါဝင်သော ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အရေးပေါ်တုံ့ပြန်ရေးအဖွဲ့သုံးဖွဲ့တို့က ဇူလိုင် ၁၃ ရက်တွင် ညောင်ကုန်းကျေးရွာနှင့် ဇူလိုင် ၁၄ ရက်တွင် ရိုးဝကျေးရွာသို့ ကွင်းဆင်းသွားရောက်ကာ မွေးမြူသူတောင်သူ ၅၃ ဦးတို့အား တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်တားဆီးရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျေးရွာများတွင် အသိပညာပေး ပိုစတာများစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ကျွဲ၊ နွားမွေးမြူမှုများသော ဘွက်ကြီးကျေးရွာ၊ လိပ္ပူတ်ကျေးရွာနှင့် မြောင်းတကာကျေးရွာတို့တွင်လည်း ကျွဲ၊ နွား ၂၄၂ ကောင်တို့အား ခွာနာလျှာနာကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။



မော်ဘီမြို့နယ်အနေဖြင့် တိရစ္ဆာန်ကူးစက်ရောဂါများ ကြိုတင်ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေး၊ သတင်းအချက်အလက် လျင်မြန်စွာရရှိရေးအတွက် တိရစ္ဆာန် ကျန်းမာရေးလုပ်သားများကို ကာလရှည် ကိုးလသင်တန်း ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာဝါဝါအုန်းက ပြောသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

■

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Novosibirsk State University သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ ပါမောက္ခချုပ် Dr. Mikhail Petrovich Fedoruk နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး သိပ္ပံနှင့် နည်းပညာဘာသာရပ်အလိုက် သုတေသနတွေ့ရှိချက်ဆိုင်ရာပြခန်းများ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ အသုံးချသင်္ချာနှင့် သတင်းအချက်အလက် နည်းပညာဘာသာရပ်၊ ဇီဝဗေဒ၊ ဘူမိဗေဒဆိုင်ရာ ဖော်ထုတ်တွေ့ရှိချက်များ၊ ခေတ်မီ နည်းပညာဖြင့် နောင်တစ်ချိန် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို ကြိုတင်တွက်ချက်ထားရှိမှု ဖော်ထုတ်ချက်များ၊ ဓာတ်ခွဲခန်း သုတေသနခန်းနှင့် စာသင်ခန်းများကို လှည့်လည်ရှင်းလင်းပြသကြသည်။ ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ တက္ကသိုလ် အစည်းအဝေး ခန်းမတွင် Novosibirsk State University ၏ စာပေသင်ကြားပို့ချပေးနေမှုဆိုင်ရာ Video File ကို ဖွင့်လှစ်ပြသပြီး ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ နိုင်ငံခြားသင်တန်းသားများကို လက်ခံသင်ကြားပေးနေမှု၊ အဆင့်မြင့်ဘွဲ့လွန်ပညာသင်တန်းများ၏ သင်ရိုးညွှန်းတမ်းအလိုက် သင်ကြားဆောင်ရွက်မှုအစီအစဉ်၊ ကျောင်းသား ကျောင်းသူများ နေထိုင်ရေးအတွက် အဆောင်နှင့် အားကစားရုံများ ထည့်သွင်းတည်ဆောက်ထားရှိမှု၊ မြန်မာနိုင်ငံမှ ကျောင်းသူ ကျောင်းသားများ လာရောက် တက်ရောက်မည်

**စာမျက်နှာ ၄ သို့ »»»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား Novosibirsk မြို့ Tolmachevo လေဆိပ်၌ တာဝန်ရှိသူများက ရိုးရာဝေလွေ့ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား Novosibirsk State University မှ ပါမောက္ခချုပ် Dr. Mikhail Petrovich Fedoruk က ရှင်းလင်းဆွေးနွေးပြောကြားစဉ်။

❖ Novosibirsk State University သည် ၁၉၅၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ပုဂ္ဂလိကပိုင် သုတေသနတက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် QS World University ၌ အဆင့် ၂၄၆ ရရှိ

❖ တက္ကသိုလ်တွင် လူမှုပညာရပ်ဆိုင်ရာဌာနခွဲ၊ ဆေးပညာနှင့် စိတ်ပညာဌာနခွဲ၊ ဒဿနိကဗေဒနှင့် ဥပဒေဌာနခွဲ၊ သင်္ချာနှင့် စက်မှုသိပ္ပံဌာနခွဲ၊ ရူပဗေဒဌာနခွဲ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒဌာနခွဲ၊ သဘာဝသိပ္ပံဌာနခွဲ၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဌာနခွဲနှင့် လေ့ကျင့်ရေးဌာနခွဲတို့အပြင် အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဂျပန်နှင့် တရုတ်ဘာသာစကားတို့ကို ဒုတိယဘာသာစကားအဖြစ် သင်ကြားပို့ချပေးလျက်ရှိသည့် ဘာသာစကားသင်တန်းများလည်းရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Novosibirsk State University အတွင်း ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားတပ်မတော်တွင် နှစ်ပေါင်း ၈၀ ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ရုရှားတပ်မတော်ထုတ် သမိုင်းဝင် လက်နက်ချိန်ဆိုဒ်ကို အမှတ်တရလက်ဆောင်အဖြစ် တာဝန်ရှိသူတစ်ဦးက ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Higher Military Command School ကျောင်းအုပ်ကြီး Major General Markochin Segeri Gregorivich တို့ နိုင်ငံတော်အတွက် အသက်စွန့်လွှတ်တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူရဲကောင်းဆုတံဆိပ်ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်တုများအား ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုကြစဉ်။

»»» **စာမျက်နှာ ၃ မှ**
ဆိုပါကလည်း အသင့်ကြိုဆိုမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအား စိစစ်ရွေးချယ်မှုအတွက် အရည်အချင်းသတ်မှတ်ချက်များ၊ မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသားများ စေလွှတ်တက်ရောက် ပညာသင်ကြားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များအား ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် Novosibirsk State University ပါမောက္ခတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ Novosibirsk State University သည် ၁၉၅၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ပုဂ္ဂလိကပိုင် သုတေသနတက္ကသိုလ် တစ်ခုဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် QS World University ၌ အဆင့် ၂၄၆ ရရှိခဲ့ကြောင်း၊ တက္ကသိုလ်တွင် လူမှုပညာရပ်ဆိုင်ရာ ဌာနခွဲ၊ ဆေးပညာနှင့် စိတ်ပညာဌာနခွဲ၊ ဒဿနိကဗေဒနှင့် ဥပဒေဌာနခွဲ၊ သင်္ချာနှင့် စက်မှုသိပ္ပံဌာနခွဲ၊ ရူပဗေဒဌာနခွဲ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒဌာနခွဲ၊ သဘာဝသိပ္ပံဌာနခွဲ၊ သတင်း အချက်အလက်နှင့် နည်းပညာဌာနခွဲ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဌာနခွဲနှင့် လေ့ကျင့်ရေးဌာနခွဲတို့အပြင် အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဂျပန်နှင့် တရုတ်ဘာသာစကားတို့ကို ဒုတိယဘာသာစကားအဖြစ် သင်ကြားပို့ချပေးလျက်ရှိသည့် ဘာသာစကား သင်တန်းများလည်း ရှိကြောင်း သိရသည်။

## လေ့လာကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Higher Military Command School သို့ သွားရောက်လေ့လာကြည့်ရှုကြရာ ကျောင်းအုပ်ကြီး Major General Markochin Segeri Gregorivich နှင့် တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်တာဝန်ထမ်းဆောင်ခဲ့ကြသည့်သူရဲကောင်းဆုတံဆိပ်ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်တုများအား ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းအတွင်းရှိ လက်နက်ငယ်ပစ်ခတ်မှု Simulator ခန်းမ၌ သင်တန်းသားများ ပစ်ခတ်စဉ် လေ့ကျင့်နေမှုများနှင့် ရုရှားတပ်မတော်မှ ထုတ်လုပ်ထားသည့် လက်နက်များနှင့် လက်နက်ချိန်ဆိုဒ်များကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားတပ်မတော်တွင် နှစ်ပေါင်း ၈၀ ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ရုရှားတပ်မတော်ထုတ် သမိုင်းဝင်လက်နက်ချိန်ဆိုဒ်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Novosibirsk မြို့ အစိုးရအဖွဲ့ အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာရှင်အဖွဲ့က ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Higher Military Command School အတွင်းရှိ ရုရှားတပ်မတော်မှ ထုတ်လုပ်ထားသည့် လက်နက်များနှင့် လက်နက်ချိန်ဆိုဒ်များကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Novosibirsk မြို့ အစိုးရအဖွဲ့အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် အနုပညာရှင်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Novosibirsk အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Novosibirsk အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် Novosibirsk အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov နှင့် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီဝင် မန်းငြိမ်းမောင်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် စစ်ဘက်၊ နယ်ဘက် အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်တို့ တက်ရောက်ကြပြီး Novosibirsk အစိုးရအဖွဲ့အကြီးအကဲနှင့်အတူ Higher Military Command School ကျောင်းအုပ်ကြီး၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် အခြားနယ်ပယ်အသီးသီးမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် Novosibirsk ဒေသ၏ ပထဝီဆိုင်ရာ အချက်အလက်များအရ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်များ အပြန်အလှန် တင်ပို့ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ Novosibirsk နှင့် မြန်မာနိုင်ငံ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲပျံသန်းနိုင်မည့် အခြေအနေ၊ Novosibirsk ဒေသတွင် နယ်ပယ်ကဏ္ဍအသီးသီးမှ အဆင့်မြင့်တက္ကသိုလ်ပေါင်း ၂၂ ခု ရှိပြီး နိုင်ငံခြားသားသင်တန်းသားများကိုပါ လက်ခံသင်ကြား ပေးလျက်ရှိသည့်အတွက် ပညာရေးနယ်ပယ်တွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပမည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးနိုင်ရေးနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍအတွက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေ၊ ယဉ်ကျေးမှုနယ်ပယ်တွင်လည်း အပြန်အလှန်ဖလှယ်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စစ်ဘက်၊ နယ်ဘက်ကဏ္ဍပေါင်းစုံ၌ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် Novosibirsk အစိုးရအဖွဲ့အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Novosibirsk အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည်လည်း Novosibirsk မြို့ Marriott Hotel အနီးရှိ ကမ္ဘာ့အကြီးဆုံး ပြဇာတ်ရုံများအနက် တစ်ခုဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် Novosibirsk State Academic Opera and Ballet Theatre သို့ ရောက်ရှိလေ့လာကြရာ ပြဇာတ်ရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပြဇာတ်ရုံဆိုင်ရာ အချက်အလက်များကို လိုက်လံရှင်းလင်းပြသကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk မြို့ Tolmachevo လေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ Novosibirsk အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ Higher Military Command School ကျောင်းအုပ်ကြီး၊ တပ်မ ၄၁ ယာယီတပ်မမှူးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

**စာမျက်နှာ ၆ သို့ ✳**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ Novosibirsk မြို့ ရှေးဟောင်းသမိုင်းဝင် Novosibirsk State Academic Opera and Ballet Theatre တွင် ကြည့်ရှုလေ့လာပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## တကယ့်ဒီမိုကရေစီ

တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီ အစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေး အဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟော ပဏာမပြင်ဆင်မှု ညီလာခံတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



✻ စာမျက်နှာ ၅ မှ


နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဝင် မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ မြန်မာ့တပ်မတော်မှ ထူးချွန်ဆုရအရာရှိများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

### ပူးပေါင်းဆောင်ရွက်

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလုဂါပြည်နယ် အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်းရှိ ရွှေစည်းခုံစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားပြုလုပ်ခြင်း၊ စစ်ဘက်၊ အရပ်ဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက် လေ့လာခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ စစ်ဘက်နည်းပညာဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာစံတော်ချိန် ညပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံရုံး ဒုတိယအကြီးအကဲ Mr. Pavel A.KLABUKOV နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား Novosibirsk မြို့ Tolmachevo လေဆိပ်တွင် Novosibirsk အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော်　ဇူလိုင်　၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ကျေးလက်နေ ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးသည်။

**တောင်သူများနှင့်တွေ့ဆုံ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စုရှိ ရွှေခတ်သစ်ခန်းမတွင် ဂေါ့ကျေးရွာအုပ်စုနှင့် ရင်းတိုက်ကွင်းကျေးရွာအုပ်စု အတွင်းရှိ စပါး/ပဲစိုက် တောင်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေး ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မြေပဲ၊ နေကြာအပါ အဝင် ပဲပုပ်မှလည်း စားသုံးဆီနှင့် မွေးမြူရေးအတွက် အစာရရှိနိုင်ကြောင်း၊ ဂေါ့ကျေးရွာအုပ်စုရှိ စိုက်ဧက ၂၉၇၉ ဧက တောင်သူဦးရေ ၂၆၇ ဦးအနက် ပဲပုပ် စိုက်ပျိုးမည့်သူများကို စုစည်း၍ သမဝါယမအသင်း ဖွဲ့စည်းပြီး တောင်သူများသို့ ပဲပုပ်မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ခြင်း၊ ထွက်ရှိလာသည့် ပဲပုပ်များကို ဒေသပေါက်ဈေးဖြင့် ရွှေဥက္ကံ အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ ဝယ်ယူ ပေးခြင်းကို သမဝါယမကန်ထရိုက် လယ်ယာစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၈၉၇ ဒသမ ၃၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာပေါင်း ခုနစ်ရွာမှ လူဦးရေ ၂၅၀၀ ဖြတ်သန်းသွားလာ အသုံးပြုလျက်ရှိသည့် တာခွ– ဂုံညှင်းတန်း– ရှောက်ပင်ကပ် –ကုလားစု–ဗမာစုကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် ဂုံညှင်းတန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်ထားသော ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေပြည်သူများ၊ မြစိမ်းရောင်စီမံကိန်း အသင်းသားများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရန်ကုန်–ပြည်လမ်းမကြီးမှ ချော်ကုန်း – လက်ပံတန်းစု – ပန်းတပွင့်တောင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအရှည်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသောကျေးလက် စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးလက်နေပြည်သူများ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် နီးနီးကပ်ကပ် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။　**သတင်းစဉ်**

# ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်း စွမ်းဆောင်ရည်၊ လုပ်ရည်ကိုင်ရည်နှင့် အရည်အချင်းများ တိုးတက်အောင်ကြိုးစား



နေပြည်တော်　ဇူလိုင်　၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့် သင်တန်း(၃/၂၀၂၂) ဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကား ပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ကြီး သုံးရပ်နှင့်အတူ ဌာန၏လုပ်ငန်းများ ပိုမိုတိုးတက်အောင် ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းစွမ်းဆောင်ရည်၊ လုပ်ရည်ကိုင်ရည်နှင့် အရည်အချင်းများ တိုးတက်အောင် ကြိုးစားကြရမည် ဖြစ်ကြောင်း။

**ပြန်လည်မျှဝေပေး**

ယခုသင်တန်းတွင် သင်ကြားခဲ့ရသည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချသွားရမည်ဖြစ်ကြောင်း၊ ထို့အတူ သင်တန်းတွင် သင်ကြားခဲ့ရသည့်အတွေ့အကြုံများကို မိမိကိုယ်တိုင် လိုက်နာဆောင်ရွက်ရမည့်အပြင် မိမိဝန်ထမ်းများကိုလည်း ပြန်လည်မျှဝေပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းသား ခေါင်းဆောင်ထံ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စေရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် တစ်ဦးချင်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန် ရည်ရွယ်၍ အရာရှိစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၃/၂၀၂၂)ကို နှစ်ပတ်ကြာဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ထောက်ညွှန်ကြားရေးမှူး ၁၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျန်ရေကျော်ကျေးရွာ၌ မိုးစပါးစီးပွားဖြစ် မျိုးသန့်၊ မျိုးစေ့ထုတ်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

ငပုတော　ဇူလိုင်　၁၆

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဖျန်ရေကျော်ကျေးရွာအုပ်စု ဖျန်ရေကျော်စံပြကျေးရွာ ကွင်းအမှတ်(၁၃၇၃) ဦးပိုင်အမှတ်(၁၄/၆) တောင်သူ ဦးထွန်း၏ လယ်မြေပေါ်တွင် ပေါ်ဆန်းရင်မျိုးအား ပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး ခြောက်တန်း တစ်တန်းလှပ်စနစ်ဖြင့် စီးပွားဖြစ် မျိုးသန့်၊ မျိုးစေ့ထုတ် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်ခြင်း



ကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမျိုးသန့်က တောင်သူများအား စီးပွားဖြစ် မျိုးသန့်၊ မျိုးစေ့ထုတ်ခြင်း၊ ပိုးသတ်ဆေးအန္တရာယ်ကင်းစွာ ကိုင်တွယ်အသုံးပြုနည်းနှင့် စပါးကုပ်ကျိုးရောဂါနှင့် ကာကွယ်နည်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မျိုးသန့်၊ မျိုးစေ့ထုတ် ပေါ်ဆန်းရင်မျိုးအား ပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး ခြောက်တန်း တစ်တန်းလှပ်စနစ်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြမှုကို မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းမျိုးသန့်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ငပုတောမြို့နယ်အနေဖြင့် စီးပွားဖြစ်စိုက်ပျိုးခြင်းကို သရောင်းချောင်းမျိုးသန့်ခြံမှ မျိုးသန့်၊ မျိုးစေ့များကို ရယူပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စုအတွင်းရှိ တောင်သူ ၄၂ ဦးတို့၏ လယ်ယာမြေ ၁၄၃ ဧကအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးမှ သိရသည်။　**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးမြို့ စိမ်းလန်းစိုပြည်ရေး လမ်းဘေးဝဲ / ယာတစ်လျှောက် အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်းဆောင်ရွက်

ပဲခူး　ဇူလိုင်　၁၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှာကြားမှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာ၊ ရပ်ကွက် စိမ်းလန်းစိုပြည်ရေး ယနေ့ နံနက်ပိုင်းက လမ်းဘေးဝဲ/ယာတစ်လျှောက် အရိပ်ရသစ်ပင်များ စိုက်ပျိုးခဲ့သည်။

ထို့သို့ စိုက်ပျိုးရာတွင် ပဲခူးမြို့ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်သော မြို့တော်တစ်ခုဖြစ်ပေါ်လာစေရေးအတွက် ပဲခူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ် အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ ပဲခူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့ပေါ်(၃၁) ရပ်ကွက်ရှိ ဒေသခံပြည်သူများ ပူးပေါင်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခင်းပေးထားခဲ့သည့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ဂဝံလမ်းများ အနက် လမ်းပေါင်း ၉၆ လမ်းရှိ လမ်းဘေး ဝဲ/ယာတစ်လျှောက် အရိပ်ရသစ်ပင်များဖြစ်သည့် စိန်ပန်းပင် ၉၂၃ ပင်၊ ငုဝါပင် ၇၂၉ ပင်၊ သပြေဘူတပင် ၄၁၆ ပင် စုစုပေါင်း ၂၁၅၉ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လဝါဆိုအခါအတွင်းက လွမ်းဖွယ့်သမိုင်း . . .

**မင်းခေါင်**

**ဒီနှစ်ဝါဆိုမှာ အောက်ပြည် အောက်ရွာအဖို့ မိုးကောင်းနေတယ်လို့ပဲ ဆိုရပါမယ်။ မိုးမရွာတဲ့ရက်က ခပ်နည်းနည်းရယ်။ တစ်ခါတစ်ရံ မိုးကတဖွဲဖွဲ၊ တစ်ခါတလေ မိုးက သဲသဲမဲမဲ။ တစ်လောကလုံးကလည်း ညို့မှိုင်းအုံ့ဆိုင်းနေပြန်တော့ ဒီလရာသီကို ရှေးစာဆိုများက “ဂနိုင်စိုစို၊ လဝါဆို၊ လွမ်းဖွယ့်ရာသီကို”ရယ်လို့ တင်စား စပ်ဆိုခဲ့ကြပါတယ်။**

လွန်ခဲ့တဲ့ ၇၅ နှစ်က ဒီလ ဒီရာသီမှာပဲ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ပြန်တော့ ဝါဆိုလ(ဇူလိုင်)ဟာ မြန်မာပြည်သူတို့အဖို့ အမှန်တကယ် လွမ်းဖွယ့်ကောင်းတဲ့လတစ်လလည်း ဖြစ်ခဲ့ပါတယ်။

**ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး**

တိုက်တိုက်ဆိုင်ဆိုင် ပြီးခဲ့တဲ့ ဝါဆိုလဆန်း ၁၁ ရက်(ဇူလိုင် ၈ ရက်)နံနက်မှာ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးဟာ နာရာမြို့မှာ ကျင်းပတဲ့ နိုင်ငံရေးအခမ်းအနားတစ်ခုမှာ တက်ရောက်မိန့်ခွန်းပြောကြားနေစဉ် မသမာသူတစ်ဦးရဲ့ လက်လုပ်သေနတ်နဲ့ အနီးကပ်လုပ်ကြံပစ်ခတ်မှုကြောင့် ညနေပိုင်းမှာ



ရှင်ဇိုအာဘေး


ကွယ်လွန်အနိစ္စရောက်ခဲ့ရပြန်ပါတယ်။

ကမ္ဘာမှာ လုံခြုံမှုအရှိဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ရုံမက သေနတ်ကိုင်ဆောင်မှုကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားတဲ့ ဂျပန်နိုင်ငံမှာ အခုလို ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လုပ်ကြံခံရလို့ ကွယ်လွန်သွားတဲ့သတင်းက တစ်ကမ္ဘာလုံးကို တုန်လှုပ်သွားစေခဲ့ပါတယ်။ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါကတော့ “ခွင့်လွှတ်လို့မရတဲ့ ကြမ်းကြုတ်မှုတစ်ခု”လို့ ဆိုပါတယ်။

ရှင်ဇိုအာဘေးကို လုပ်ကြံသူက နာရာမြို့ခံတစ်ဦးဖြစ်တဲ့ အသက် (၄၁) နှစ်ဝန်းကျင်ရှိ တက်ဆုယာယာမာဂါမီ ဆိုသူဖြစ်ပြီး နိုင်ငံရေးရပ်တည်ချက်ကြောင့် မဟုတ်ဘဲ မိသားစုစီးပွားရေးပြဿနာအပေါ်အခြေခံပြီး ပေါ်ပေါက်လာတဲ့ မုန်းတီးမှုကြောင့် လုပ်ကြံသတ်ဖြတ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။

**လူမည်းခေါင်းဆောင်တစ်ဦး**

ဒေါက်တာမာတင်လူသာကင်းကို အမှတ်ရစရာပါ။ မုန်းတီးမှုကြောင့် လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရရှာတဲ့ သားကောင်တွေထဲမှာ ဒေါက်တာမာတင်လူသာကင်းတစ်ယောက်လည်း ပါဝင်ခဲ့ပါတယ်။ ဒေါက်တာမာတင်လူသာကင်းဟာ လူဖြူလူမည်း မခွဲခြားရေး၊ နိုင်ငံ



ဒေါက်တာမာတင်လူသာကင်း

သားတို့အခွင့်အရေးညီမျှရေးနဲ့ လူတိုင်းတန်းတူရည်တူအခွင့်အလမ်း ရရှိရေးအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သူ လူမည်းခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။

သူဟာ လူဖြူ လူမည်းမခွဲခြားရေးအတွက် အမေရိကန်ပြည်ထောင်စုတစ်ခွင် လှည့်လည်ဟောပြောစည်းရုံးခဲ့သူဖြစ်တဲ့အတွက် လူမည်းတို့အတွက် အားကိုးအားထားပြုစရာ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပေမယ့် အစွန်းရောက်လူဖြူအချို့အတွက်ကတော့ ဒေါက်တာမာတင်လူသာကင်းဟာ မုန်းတီးစရာလူတစ်ဦးဖြစ်နေခဲ့ပါတယ်။

အဲဒီအမုန်းတရားကြောင့်ပဲ မာတင်လူသာကင်းဟာ ၁၉၆၈ ခုနှစ် ဧပြီလ ၄ ရက်နေ့မှာ တင်နက်ဆီပြည်နယ် မင်းဖစ္စမြို့မှာကျင်းပတဲ့ ကျန်းမာရေးဌာနလုပ်သားတွေရဲ့သပိတ်ကို ထောက်ခံချီတက်ဆန္ဒပြပွဲကို စည်းရုံးဟောပြောဖို့လာရင်း သူခေတ္တတည်းခိုရာ ဟိုတယ်တစ်ခုမှာနားနေစဉ် မျက်နှာချင်းဆိုင်တည်းခိုရိပ်သာကနေ အစွန်းရောက်သမားတစ်ဦးရဲ့ အဝေးကြည့်တယ်လီစကုတ်ပါ ရိုင်ဖယ်သေနတ်နဲ့ လုပ်ကြံပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရရှာပါတယ်။

ဒေါက်တာမာတင်လူသာကင်းကို လုပ်ကြံသတ်ဖြတ်သူကတော့ အသက် (၃၈) နှစ်အရွယ်ရှိ ဂျိမ်းစ်အားလ်ရေးဆိုသူ လူဖြူတစ်ဦးဖြစ်ပါတယ်။ ရေးရဲ့အဆိုအရကတော့ သူဟာ မွေးလာကတည်းက လူမည်းတွေကိုမုန်းတီးတယ်လို့ဆိုတယ်။ ဒီကြားထဲမှာ သူ့မိဘတွေရဲ့ မြေနဲ့အိမ်ကို လူမည်းမိသားစုက ဝယ်ယူသွားတဲ့အခါ သူ့ရဲ့လူမည်းမုန်းတီးစိတ်က ပိုပြီးကြီးမားပြင်းထန်လာခဲ့တယ်လို့သိရတယ်။

ကမ္ဘာ့သမိုင်းဝင်လုပ်ကြံမှုကြီးတွေကို လေ့လာကြည့်ရင် နိုင်ငံ့ခေါင်းဆောင်အချို့နဲ့ ထင်ရှားကျော်ကြားသူအချို့ဟာ တစ်ခါတစ်ရံ အကြောင်းပြချက် မည်မည်ရရပြစရာမရှိဘဲ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရတဲ့ဖြစ်စဉ်တွေလည်းရှိခဲ့တယ်။

**ရော့ခ်အဆိုတော် ဂျွန်လင်နွန်**

ကမ္ဘာကျော် ရော့ခ်အဆိုတော် ဂျွန်လင်နွန်ဆိုရင် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၈ ရက် ညပိုင်းမှာ အထီးကျန်သမား သူရူးတစ်ယောက်က အကြောင်းတစ်စုံတစ်ရာ မရှိပါဘဲလျက် သေနတ်နဲ့ပစ်သတ်ခြင်းကို ခံခဲ့ရရှာတယ်။ သူ့ကိုချစ်ခင်လေးစားကြတဲ့ တစ်ကမ္ဘာလုံးက သန်းပေါင်းများစွာသော လူအများဟာ မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ကြတယ်။ အမေရိကန်ပြည်သူတွေကတော့ လင်နွန်သေဆုံးရခြင်းအပေါ် အကြီးအကျယ် ဝမ်းနည်းကြေကွဲခဲ့ကြရုံမက ထင်ရှားတဲ့ပုဂ္ဂိုလ်တစ်ဦးကို လုပ်ကြံသတ်ဖြတ်ခြင်းဟာ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးရဲ့ ဂုဏ်သိက္ခာကို ကင်းမဲ့စေတာမဟုတ်၊ လူမျိုးတစ်မျိုးလုံးကို အရှက်ရစေတဲ့လုပ်ရပ်၊ စိတ်ထိခိုက်စရာကောင်းလှတဲ့ လုပ်ရပ်လို့လည်း မြင်ခဲ့ကြတယ်။

ဂျွန်လင်နွန်ကို သေနတ်ပစ်ခတ်သတ်ဖြတ်ခဲ့သူကတော့ ဂျော်ဂျီယာပြည်နယ်သား အသက် (၂၅) နှစ်အရွယ် မတ်စ်ချက်မင်းဆိုသူဖြစ်တယ်။ သူ့ကို တရားရုံးမှာစစ်ဆေးတဲ့အခါ လင်နွန်ကို သူဘာကြောင့်သတ်သလဲ၊ ဘာတွေကို မကျေနပ်လို့လဲဆိုတဲ့ သဲလွန်စအထောက်အထားနဲ့ပတ်သက်ပြီး နည်းနည်းမျှ ဖော်ပြခြင်းမပြုခဲ့ဘူး။ ဒ့ါအပြင် သူ့လုပ်ရပ်အတွက် ဝမ်းနည်းကြေကွဲခြင်း၊ နောင်တရခြင်းတို့ကိုလည်း မဖော်ပြခဲ့ဘူး။

**အမေရိကန်ပြည်ထောင်စုရဲ့ ၃၅ ဦးမြောက်သမ္မတ**

ဂျွန်လင်နွန်နည်းတူ ၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်က အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဒါးလက်စ်မြို့မှာ သေနတ်နဲ့ ချောင်းမြောင်းလုပ်ကြံ သတ်ဖြတ်ခြင်းခံခဲ့ရရှာတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ၃၅ ဦးမြောက်သမ္မတ ဂျွန်အက်ဖ်ကနေဒီ လုပ်ကြံမှုကြီးဟာလည်း “ဂျွန်အက်ဖ်ကနေဒီကို ဘယ်သူသတ်သလဲ၊ ဘာကြောင့်သတ်တာလဲ”ဆိုတဲ့ မေးခွန်းအတွက် အဖြေမရခဲ့ပါဘူး။

သံသယတရားခံ လီးဟာဗေး အော့စ်ဝဲလ်ကို အချုပ်ကနေ ဒါးလက်စ်ကောင်တီခရိုင် ထောင်လွှဲပြောင်းစဉ်မှာပဲ ဂျက်ရူဘီက ခြောက်လုံးပြူးသေနတ်နဲ့ အနီးကပ် ပစ်ခတ်သတ်ဖြတ်လိုက်တဲ့အတွက် လုပ်ကြံမှုဖြစ်စဉ်ဟာ ပိုပြီး



ဂျွန်အက်ဖ်ကနေဒီ

ရှုပ်ထွေးသွားခဲ့ပါတယ်။ ဂျက်ရူဘီကတော့ “ကျွန်တော် ဂျက်ကီအတွက် လက်စားချေတာ”လို့ ဆိုခဲ့ပေမယ့် အော့စ်ဝဲလ်ကို သတ်သူ ဂျက်ရူဘီဆိုတာ ဘယ်သူလဲ၊ ဘာရည်ရွယ်ချက်နဲ့သတ်တာလဲ၊ ကနေဒီလုပ်ကြံမှုဟာ အဖွဲ့နဲ့လျှို့ဝှက်လုပ်ကြံခြင်းလား၊ လုပ်ကြံမှုရဲ့နောက်ကွယ်မှာ မာဖီးယားဂိုဏ်းရှိနေသလား၊ ကျူးဘားလူမျိုးတွေများ ပါနေသလား၊ နောက်ကွယ်မှာ စီအိုင်အေကော မပါပေဘူးလား စသဖြင့် ယခုတိုင် မေးခွန်းပေါင်းများစွာရှိနေဆဲပါ။

**အိန္ဒိယရဲ့ဝိညာဉ်**

အိန္ဒိယစာရေးဆရာတွေက “အိန္ဒိယရဲ့ဝိညာဉ်”လို့ တင်စားခေါ်ဝေါ်ရေးသားခဲ့တဲ့ မဟာတ္တမဂန္ဒီနဲ့ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီတို့ကတော့ လူမျိုးရေး၊ ဘာသာရေးအစွဲအလမ်းတွေကို အခြေခံတဲ့လုပ်ကြံမှုတွေကြောင့် အသက်ပေးခဲ့ရရှာပါတယ်။

အကြမ်းမဖက်ရေး အဟိံသဝါဒကို လက်ခံထားတဲ့ ဂန္ဒီကြီးဟာ ၁၉၄၈ ခုနှစ် နှစ်ဦးမှာ နိုင်ငံသားအချင်းချင်းကြားဖြစ်ပွားလာတဲ့ ပဋိပက္ခတွေနဲ့အကြမ်းဖက်မှုတွေ ရပ်ဆိုင်းသွားစေရေးအတွက် အစာငတ်ခံပြီးကြိုးပမ်းခဲ့ရာမှာ ဘာသာရေးအစွန်းရောက် စစ်သွေးကြွ ဟိန္ဒူအချို့ရဲ့ ဆန့်ကျင်မုန်းတီးမှုတွေကို ခံခဲ့ရပါတယ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ ညနေမှာတော့ ဂန္ဒီကြီးဟာ သူ့တူမလေးတစ်ဦးနဲ့ ဘုရားဝတ်ပြုဖို့အသွားမှာ ဆီးကြိုနေတဲ့လူအုပ်ကြားထဲက နာသူရမ်ဗ္ဗီရုဆီးဆိုသူ အစွန်းရောက် ဟိန္ဒူလူရွယ်တစ်ဦးရဲ့ ပစ္စတိုနဲ့ သုံးချက် အနီးကပ်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရရှာပါတယ်။

နောက်ပိုင်းမှာ သက်ဆိုင်ရာက ဂန္ဒီကြီးကိုလုပ်ကြံမှုဟာ သူတစ်ဦးတည်းမဟုတ်ဘဲ ဟိန္ဒူအစွန်းရောက်အဖွဲ့ရဲ့

**စာမျက်နှာ ၉ သို့ ❂**



ရော့ခ်အဆိုတော် ဂျွန်လင်နွန်

**❖ ကမ္ဘာ့သမိုင်းဝင်လုပ်ကြံမှုကြီးတွေကို လေ့လာကြည့်ရင်း နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်မှုတွေက အများစုဖြစ်ကြောင်း တွေ့မြင်ရပါလိမ့်မယ်**

**❖ နိုင်ငံရေးကိုအကြောင်းပြုပြီး လုပ်ကြံသတ်ဖြတ်တဲ့လုပ်နည်းလုပ်ဟန်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင် ရှေးရောမ၊ ခေါမခေတ်ကတည်းက အခြေတည်လာခဲ့ခြင်းပဲဖြစ်ပါတယ်။ သို့ပေမယ့်လည်း ရာစုတွေအလီလီပြောင်းပြီး ယနေ့ခေတ်ယဉ်ကျေးတဲ့ လူ့ဘောင်အသိုင်းအဝိုင်းရောက်သည့်တိုင် မသမာသူတွေ၊ အစွန်းရောက်သမားတွေက ဆက်လက်အသုံးပြုနေကြဆဲပါ။ ဒါကို အသိဉာဏ်တိုးတက်မြင့်မားလာပြီဖြစ်တဲ့ ယဉ်ကျေးတဲ့လူ့ဘောင်အသိုက်အဝန်းတစ်ရပ်လုံးက အတိတ်သမိုင်းသင်ခန်းစာတွေအရ ဆန့်ကျင်တားဆီးကာကွယ်သွားကြရမှာဖြစ်**

❂ စာမျက်နှာ ၈ မှ



မဟတ္တမဂန္ဒီ

လျှို့ဝှက်ကြံစည်မှု ဖြစ်ကြောင်း ဖော်ထုတ်လာနိုင်ခဲ့ပါတယ်။ အစွန်းရောက်စစ်သွေးကြွ ဟိန္ဒူအုပ်စုဝင်တွေက ဂန္ဒီကြီးဟာ သူတို့ရဲ့ဘာသာအယူဝါဒနဲ့ ယုံကြည်မှုတွေကို ဆန့်ကျင်နေပြီလို့ စွပ်စွဲခဲ့ကြရုံမက သူတို့ရဲ့အကြမ်းဖက်ဝါဒဟာလည်း ဂန္ဒီကြီးရှိနေသမျှကာလပတ်လုံး ကျင့်သုံးလို့ရနိုင်မှာမဟုတ်ဘူးလို့ ယုံကြည်လာတဲ့အတွက် သူတို့ရင်ဆိုင်နေရတဲ့ ပြဿနာရဲ့အဖြေဟာ ဂန္ဒီကြီးကိုသုတ်သင်ရှင်းလင်းပစ်မှဖြစ်မယ်လို့ တွေးခေါ်လာကြပြီး လုပ်ကြံခဲ့ခြင်းဖြစ်ပါတယ်။

**အိန္ဒိယရဲ့ရတနာ**

အိန္ဒိယစာရေးဆရာတွေက "အိန္ဒိယရဲ့ရတနာ"လို့ တင်စားခေါ်ဝေါ်ရေးသားခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ ပထမဆုံးသောဝန်ကြီးချုပ် ဂျဝါဟာလာနေရူးရဲ့ သမီးဖြစ်သူ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီကတော့ ဘာသာရေးအရအငြင်းပွားမှုတွေဖြစ်ပေါ်နေတဲ့ ရွှေကျောင်းတော်ကြီးကို ခံတပ်သဖွယ် စီးနင်းသိမ်းပိုက်ထားတဲ့ ဆစ်ခ်အစွန်းရောက်စစ်သွေးကြွတွေကို စစ်ရေးအရ အရေးယူဆောင်ရွက်ခဲ့မှုအပေါ် မကျေနပ်တဲ့ ဆစ်ခ်လူမျိုးအစွန်းရောက်သက်တော်စောင့်တို့ရဲ့ လက်စားချေလုပ်ကြံမှုကြောင့် အသက်ပေးခဲ့ရခြင်းဖြစ်ပါတယ်။

ရွှေကျောင်းတော်ကြီးကို စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဆစ်ခ်လူမျိုးဘာသာရေး အစွန်းရောက်တွေရဲ့ မကျေနပ်မှုနဲ့ လက်စားချေမယ့် အကြံအစည်တို့ကို ရိပ်မိကြတဲ့တာဝန်ရှိသူတွေနဲ့ အစိုးရအဖွဲ့က အင်ဒီရာဂန္ဒီရဲ့ ကိုယ်ရံတော်တပ်ဖွဲ့က ဆစ်ခ်လူမျိုးတွေကို ဖြစ်နိုင်ရင် အားလုံးကိုဖယ်ရှား လူစားထိုးလဲလှယ်ဖို့ အကြံပြုခဲ့ကြပေမယ့် အင်ဒီရာဂန္ဒီက လုံးဝလက်မခံဘဲ ပယ်ချခဲ့ပါတယ်။

အင်ဒီရာဟာ မိမိရဲ့အသက်အန္တရာယ်အပေါ် ခြိမ်းခြောက်မှုတွေ တစ်နေ့တခြား ပိုပြီးကြီးမားလာတာကို သူကိုယ်တိုင်လည်း မသိတာမဟုတ်ပါဘူး သိပါတယ်။ လုပ်ကြံခံရမှုမဖြစ်ခင် တစ်ရက်အလို ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့မှာ အင်ဒီရာက "ဒီနေ့တော့ ကျွန်မအသက်ရှင်နေတုန်းပဲ။ မနက်ဖြန်ကျရင်တော့ ဒီနေရာမှာ ကျွန်မရှိချင်မှရှိမယ်။ ဒါပေမဲ့ ကျွန်မရဲ့ခန္ဓာကိုယ်ထဲက သွေးတစ်စက်ချင်းစီဟာ အိန္ဒိယတစ်နိုင်ငံလုံးအပေါ် ကျနေမှာပါ" လို့ ပြောခဲ့ပါတယ်။

နောက်တစ်နေ့ အောက်တိုဘာ ၃၁ ရက်မှာတော့ အင်ဒီရာဂန္ဒီဟာ သူ့နေအိမ်ကနေ ရုံးခန်းဆီသို့သွားရာ လူသွားလမ်းလေးပေါ်အတိုင်း လျှောက်လာစဉ်မှာ မလှမ်းမကမ်းသစ်ပင်ရိပ်အောက်မှာလုံခြုံရေးအစောင့်တာဝန်ယူထားသူ ဘီယန်ဆင်းနဲ့ ဆတ်တဝမ့်ဆင်းတို့ နှစ်ဦးက သေနတ်နဲ့ အနီးကပ်ပစ်ခတ်လုပ်ကြံမှုကြောင့် အသက်ဆုံးရှုံးခဲ့ရရှာပါတယ်။

**နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်မှုတွေက အများစုဖြစ်**

သို့သော်လည်း ကမ္ဘာ့သမိုင်းဝင်



အင်ဒီရာဂန္ဒီ

လုပ်ကြံမှုကြီးတွေကို လေ့လာကြည့်ရင်း နိုင်ငံရေးအရလုပ်ကြံသတ်ဖြတ်မှုတွေက အများစုဖြစ်ကြောင်း တွေ့မြင်ရပါလိမ့်မယ်။ မြန်မာပြည်မှာ လွန်ခဲ့တဲ့ ၇၅ နှစ်က လုပ်ကြံခံခဲ့ရတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကျဆုံးမှုဖြစ်စဉ်ဟာလည်း နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်ခံရခြင်းပဲ ဖြစ်ပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီးတွေကို လုပ်ကြံမှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ဦးဆောင်သူ ဂဠုန်ဦးစောနဲ့အပေါင်းပါတွေကိုလုပ်ကြံသူ တရားခံများအဖြစ်၊ နိုင်ငံတော်လုပ်ကြံမှုကြီး မဖြစ်ပွားမီ ဗြိတိသျှစစ်တပ်က လက်နက်တွေကို ခိုးထုတ်ဖြန့်ဖြူးပေးခဲ့သူ ဗြိတိသျှစစ်ဗိုလ်တွေဖြစ်ကြတဲ့ မေဂျာယန်းနဲ့ ကပ္ပတိန်ဗီဗြင်တို့ရဲ့ နောက်ကွယ်က ပါဝင်ပတ်သက်မှုတွေသာ လူသိများခဲ့ပေမယ့် အဲဒီအချိန်က တကယ့်အရေးကြီးတဲ့ပုဂ္ဂိုလ်တစ်ဦးကတော့ မြန်မာပြည်ကနေ စုံးစုံးမြုပ်ပျောက်ကွယ်သွားခဲ့တယ်လို့ သမိုင်းမှတ်တမ်းတွေအရ သိရပါတယ်။

ထိုပုဂ္ဂိုလ်ကတော့ ဗြိတိသျှကောင်စီကိုယ်စားလှယ်ဖြစ်သူ မစ္စတာဘင်ဂလေဆိုသူဖြစ်ပြီး သူဟာ ဂဠုန်ဦးစောတို့ အဖမ်းခံရပြီးနောက် ၄၈ နာရီအချိန်အတွင်း မြန်မာနိုင်ငံမှ ဗြိတိန်နိုင်ငံသို့ တစ်ချိုးတည်းလစ်ထွက်သွားခဲ့တယ်လို့ဆိုပါတယ်။



ဗိုလ်ချုပ်အောင်ဆန်း

**ဝမ်းနည်းကြေကွဲမဆုံး ရှိနေကြဆဲ**

အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံခဲ့ရတာ ယခုနှစ်ဆို ၇၅ နှစ်ပြည့်ခဲ့ပြီ။ အချိန်ကာလအရ ကြာညောင်းခဲ့ပြီထင်ရပေမယ့် မြန်မာပြည်သူတွေအဖို့ကတော့ ယခုလို "ဂနိုင်စိုစို၊ လဝါဆို၊ လွမ်းဖွယ့်ရာသီကို" ရောက်တိုင်း သတိတရ ဝမ်းနည်းကြေကွဲမဆုံး ရှိနေကြဆဲပါပဲ။

ဒီနှစ် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခါသမယမှာတော့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေအပြင် မနေ့တစ်နေ့က မသမာသူတစ်ဦးရဲ့လုပ်ကြံမှုကြောင့် ကွယ်လွန်အနိစ္စရောက်သွားရှာတဲ့ ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးအပါအဝင် လုပ်ကြံမှုတွေကြောင့် အသက်ဆုံးရှုံးခဲ့ကြရတဲ့ လင်ကွန်း၊ ဂျွန်အက်ဖ်ကနေဒီ၊ ရောဘတ်ကနေဒီ၊ မဟတ္တမဂန္ဒီ၊ အင်ဒီရာဂန္ဒီ၊ ရာဂျစ်ဂန္ဒီ၊ အီတလီဝန်ကြီးချုပ်ဟောင်း ခရစ်ယာန်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် အယ်လ်ဒိုမိုရို စတဲ့နိုင်ငံ့ခေါင်းဆောင်တွေကို နှမြောတသ သတိတရဖြစ်ရတယ်။

တကယ်တော့ နိုင်ငံရေးကို အကြောင်းပြုပြီး လုပ်ကြံသတ်ဖြတ်တဲ့ လုပ်နည်းလုပ်ဟန်တွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင် ရှေးရောမ၊ ခေါမခေတ်ကတည်းက အခြေတည်လာခဲ့ခြင်း ပဲဖြစ်ပါတယ်။ သို့ပေမယ့်လည်း ရာစုတွေအလီလီပြောင်းပြီး ယနေ့ခေတ်ယဉ်ကျေးတဲ့ လူ့ဘောင်အသိုင်းအဝိုင်း ရောက်သည့်တိုင် မသမာသူတွေ၊ အစွန်းရောက်သမားတွေက ဆက်လက်အသုံးပြုနေကြဆဲပါ။ ဒါကို အသိဉာဏ်တိုးတက် မြင့်မားလာပြီဖြစ်တဲ့ ယဉ်ကျေးတဲ့လူ့ဘောင် အသိုက်အဝန်းတစ်ရပ်လုံးက အတိတ်သမိုင်းသင်ခန်းစာတွေအရ ဆန့်ကျင်တားဆီး ကာကွယ်သွားကြရမှာဖြစ်ပါတယ်။ ။

*ကိုးကား*

**မောင်ထွန်းသူ၏ နိုင်ငံတကာ လုပ်ကြံမှုကြီးများ။**

■

(၇၅)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ်ကဗျာ

## " မမေ့နိုင် ယနေ့တိုင် "

❖ တိုင်းပြည် လူမျိုး၊ ဘုံအကျိုးတွက်
ကြိုးခဲ့ညီညီ၊ ချီခဲ့ရဲရဲ
နွှဲခဲ့ဖန်ဖန်၊ မျိုးချစ်မာန်နှင့်
ထက်သန်ဆွတ်လှမ်း၊ လွတ်လပ်ပန်းကို
ဆင်မြန်းပန်ဆင် ပေးခဲ့သူ။

❖ တစ်ခေတ်သမိုင်း၊ စနစ်ရိုင်း၏
လှိုင်းအောက်မှ ဖောက်၊ နွံအောက်မှ ထွက်
လက်အောက်မှ လှန်၊ ရန်အောက်မှ ရုန်း
**နောင်ရိုးထုံး** ဖြင့်
ပြည်လုံးမျှော်မှန်း၊ လွတ်လပ်ပန်းကို
ဆောင်မြန်းပေးအပ် နိုင်ခဲ့သူ။

❖ ထလော့ မြန်မာ၊ ပါလော့ ပြည်ရေး
အရေးကြီးပြီ၊ သွေးစည်းညီလော့
အရေးကြုံပြီ၊ သွေးဆုံညီလော့
ညီညာပေါင်းစု၊ ပြည်ထောင်စု၏
ရှိသည့်ဂုဏ်အင်၊ မြတ်နိုးကြင်အောင်
ဆင်ခြင်ဖော်ဆောင် ပေးခဲ့သူ။

❖ ပြည်ထောင်စုအတွက်
ညီနောင်ထုအတွက်
တည်ထောင်မှုအတွက်
အသက်ကိုပေး၊ အသွေးကိုစွန့်
အခွင့်မမျှော်၊ မလျော်တည့်မတ်
မြင့်မြတ်စိတ်ထား၊ ဇာနည်များ၏
လေးစားဖွယ်ရာ၊ အရာရာကို
အားကျဖွယ်ရာ၊ အရာရာကို
အတုယူဖွယ်ရာ၊ အရာရာကို
**အာဇာနည်နေ့၊** ဤယနေ့၌
**မမေ့ မလျော့၊ မပေါ့ မဆ**
**သတိရလျက်**
မြန်မာ့ကောင်းကျိုး၊ ဆထက်တိုးအောင်
သယ်ပိုးနိုင်ကြပါစေသတည်း။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

# မြစ်ကြီးနားမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်းခြောက်ခုမှ အိမ်ထောင်စု ၃၀၊ လူဦးရေ ၁၄၂ ဦးတို့အား ထောက်ပံ့ပစ္စည်းများ ပေးအပ်

မြစ်ကြီးနား ဇူလိုင် ၁၆

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နေရပ်စွန့်ခွာ ယာယီစခန်းနေပြည်သူများအား ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာယာယီတိမ်းရှောင်စခန်း ခြောက်ခုမှ အိမ်ထောင်စု ၃၀၊ လူဦးရေ ၁၄၂ ဦးတို့အား ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာသို့ ၎င်းတို့ဆန္ဒအရ ပြောင်းရွှေ့နေရာချထားပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက ကျေးရွာဘက်စုံသုံးခန်းမ၌ အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။



ရှင်းလင်းတင်ပြ

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ ယာယီတိမ်းရှောင်စခန်းများမှ အိမ်ထောင်စုများအား ကျေးရွာအတွင်းရှိ အိမ်ရာများသို့ ပြောင်းရွှေ့နေရာချထားပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့မှ တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်စီဖြင့် ဆန်အိတ် ၃၀၊ ခေါက်ဆွဲခြောက်ဖာ ၃၀ နှင့် ကြက်ဥများ၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာ တစ်လစာဖိုး ငွေကျပ် ၁၂၇၈၀၀၀၊ ပြောင်းရွှေ့စရိတ်အဖြစ် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၃၀၊ ကယ်ဆယ်ရေးပစ္စည်း ၂၀ မျိုးပါ တစ်ပုံးစီတို့ဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၆၆၄၈၀၀၀ နှင့် မျက်နှာအကာ ၁၁၂ ခု၊ လက်ဆေးရည်ဘူး ၆၀၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးစိမ်ခြင်ထောင်အလုံး ၃၀၊ နှာခေါင်းစည်း၊ လက်ဆေးရည်နှင့် ဆေးဝါးပစ္စည်းများ၊ ပြည်နယ်ပညာရေးဌာနမှ ကျောင်းသားကလေးငယ်များအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ အိမ်ထောင်စုသုံး တာပေါလင်၊ Hygiene Kit၊ Shelter Tools Kit ၊ Individual Hygiene Kit၊ Dignity Kit အခု ၃၀ စီတို့နှင့် World Vision မြစ်ကြီးနားရုံးမှ အနွေးထည်၊ ခြုံစောင်၊ မိုးကာ၊ နေကာ ဆန်ခါပိုက်လိပ်၊ ပေါက်ချွန်း၊ မြက်ရိတ်စက်၊ မိုးစီးဖိနပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပြောင်းရွှေ့နေရာချထားနိုင်ခဲ့

အဆိုပါ ပြောင်းရွှေ့နေရာချထားပေးသည့် အိမ်ထောင်စုများသည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်းရှိ ဗက်လင်၊ မလိယန်၊ ဇီးအုန်စခန်းများ၊ မြို့သစ်ကြီးရပ်ကွက်ရှိ ဂျာမိုင်ကောင်းအာရ်စီ၊ မန်ခိန်နှစ်ခြင်းအသင်းတော်နှင့် နန့်ကွေ့စိန်ယောဟန်စခန်းများမှ အိမ်ထောင်စုများဖြစ်ကြပြီး ယင်းငွေပျော်စံပြကျေးရွာသည် ယခုအခါ ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ပေးထားသည့် နေအိမ် ၅၀၂ အိမ် ပြောင်းရွှေ့နေရာချထားနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---

## ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်

ရန်ကုန် ဇူလိုင် ၁၆

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဘောလုံးအားကစားအဖွဲ့အား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

အောင်နိုင်ရေးအလံပေးအပ်

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့အား အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာ ယူ-၁၆ လက်ရွေးစင်အသင်းနှင့် ရန်ကုန် ယူ-၁၉ အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲကို ကြည့်ရှုအားပေးခဲ့ကြသည်။ ယင်းတိုင်းဒေသကြီးနှင့်ပြည်နယ် အသက်၁၉နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို နေပြည်တော်၌ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗလစိုး



---




## ညောင်လေးပင်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)များအား Software Program ထည့်သွင်းခြင်းလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်

ညောင်လေးပင် ဇူလိုင် ၁၆

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်လေးပင်မြို့နယ်ဦးစီးမှူးရုံးမှ ပြုလုပ်သော အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) များအား Software Program ထည့်သွင်းခြင်းလုပ်ငန်း ဆင့်ပွားသင်တန်းကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



သင်တန်း ဖွင့်ပွဲတွင် ညောင်လေးပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် ညောင်လေးပင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဒေါ်နီလာထွန်းတို့က အဖွင့်အမှာစကားများပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော သင်တန်းသားများအား အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆)များအား Software Program ထည့်သွင်းခြင်းဆိုင်ရာ နည်းလမ်းများအား သင်တန်းနည်းပြများက ပရိုဂျက်တာ အသုံးပြုကာ ရှင်းလင်းပြသခဲ့ကြသည်။

သင်တန်းသို့ ဌာနဆိုင်ရာများမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းတစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# မိန့်မြွက်ထွေပြား ဟောဖော်ကြားသည့် ဓမ္မစက္ကအနှစ်ချုပ်တရား

**ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အထိဖြစ်သည့် ဝါတွင်းသုံးလကာလသည်ကား မြတ်ဗုဒ္ဓ၏ အဆုံးအမတို့တည်ရာ သာသနာဆိုင်ရာ ထူးခြားလေးနက်သော ကာလတစ်ခုဟု ဆိုထိုက်ပါသည်။**

ဒေါက်တာမြတ်မိုး



### ထူးခြားလေးနက်ဓမ္မစက်

အနှစ်သာရတို့ဖြင့် ထူးခြားပြည့်နှက်နေသည်။ သန္ဓေတောထွက် ဓမ္မစက်၊ ရေမီးခြံလှုံ တန်ခိုးတော်အစုံဖြင့် ပုထုဇဉ်အနွယ်မှ အရိယာအနွယ်သို့ စတင်ကူးပြောင်းပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ပေါ်ပေါက်ရာအစပြုကြောင်း နေ့တစ်နေ့အဖြစ် ယခုတိုင် ထင်ရှားဆဲဖြစ်ပါသည်။ ဤနေ့ ဤရက်တွင် ငါတို့၏ ဗုဒ္ဓမြတ်စွာဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် တုသိတာနတ်ပြည်မှစုတေပြီး လူ့ပြည်၌ ပဋိသန္ဓေတည်ခဲ့သည်။

သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော မမြဲသော နိမိတ်သဘောကို ကောင်းစွာမြင်၍ သံဝေဂရပြီး လောကကို အကျိုးပြု ပါရမီဖြည့်ရန်အလို့ငှာ တောထွက်တော်မူခဲ့သည်။ လာလှည့်၊ ရှုလှည့်ဟု ခေါ်တော်မူရာ ဧဟိဘိက္ခုဟူသော စကားနှင့်အတူ သာသနာအစပျိုးရာ ရဟန်းပုဂ္ဂိုလ်တို့သည် သီလစင်ကြယ်၊ သမာဓိစင်ကြယ်၊ ပညာစင်ကြယ်၊ မဂ်စင်ကြယ်ဖြင့် အေးချမ်းဖွယ်အတိဖြစ်သော အနုသယ ကိလေသာကင်းစင်ပြီး မြတ်ဘုရားရှင်ကို စတင်ဖူးခွင့်၊ နှုတ်ခွန်းဆက်ခွင့်ရရှိသော နေ့တစ်နေ့လည်းဖြစ်သည်။

ဂေါတမမြတ်စွာဘုရားကို ပဉ္စဝဂ္ဂီငါးဦးတို့၏ နှလုံးသားဝယ် ဘုရားသာသနာအဖြစ် စတင်တည်ပြီးနောက် မြတ်စွာဘုရားဟောကြားသော ဓမ္မစကြာတရားဦးဒေသနာတော်ကို ဦးဦးဖျားဖျား နာကြားခွင့်ရပြီးသကာလ တရားသာသနာကိုလည်း ဆက်တည်ခွင့်ရရှိခဲ့သည်ဟု ဆိုပါသည်။

### အသိနှင့်အကျင့်တွဲရာ သုတ္တန်တအရိယစက္ကသစ္စာတရား

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် နေဝင်လထွက်ချိန်၌ ဓမ္မစကြာ သစ္စာတရားတော်ကြီးကို မေတ္တာကွန်ရက် ဖြန့်ကြက်ထားသည့် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောတွင် တရားနာကြားရန် တစ်ချိန်က ဘုရားရှင်အား ကျေးဇူးပြုခဲ့ဖူးသော ပဉ္စဝဂ္ဂီငါးဦးတို့အားရွေးချယ်၍ ဦးစွာဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရား သိခဲ့၊ ကျင့်ခဲ့သောတရားသည် အရိယာသစ္စာလေးပါး မြတ်တရားဖြစ်၏။ ပဋိသန္ဓေ၊ အို၊ နာ၊ သေ ဝဲသြဃသံသရာမှလွတ်ရာလွတ်ကြောင်း အမှန်တရားတော်လည်း ဖြစ်သည်။ ရှေးဦးစွာ ကိုယ်တိုင်လည်းသိ၊ မိမိသိသလို စကြဝဠာပေါင်း တစ်သောင်းဆီက နတ်ဗြဟ္မာများ အပါအဝင် သတ္တဝါအားလုံးလည်း သိနားလည်အောင်၊ အသိနှင့် အကျင့်တွဲ၍ သိပြီးကျင့်နိုင်အောင် သုတ္တန်တွင် ပါဝင်သော ဤတရားတော်ကို ထိုးထွင်းသိဉာဏ် ပဋိဝေဓဉာဏ်တော်ဖြင့် ဟောတော်မူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ဗုဒ္ဓဟူ၍ အမည်တွင်ခြင်းသည်ပင်။ ၄၅ ဝါကာလပတ်လုံး မြတ်ဗုဒ္ဓဟောကြားခဲ့သော တရားဟောနည်းလေးမျိုးတွင် ဤဓမ္မစက္ကပဝတ္တန သုတ္တန်တရားတော်သည် မိမိအလိုကျအတိုင်း ဟောကြားသောတရားတော်ဖြစ်၍ အတ္တဇ္ဈာသယ တရားဟောနည်းတွင် ပါဝင်သော တရားတော်ဖြစ်သည်ဟုလည်း ဆိုပါသည်။

ဓမ္မသဘောအရ အရိယာမဂ်ဉာဏ်ရပြီးမှရရှိသော တရားတစ်ခုဖြစ်၍ အမှန်တရားတစ်ခုလည်း ဖြစ်သည်။ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီးမှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရှိသွားခြင်းဖြစ်သည်။ ထိုသို့ရရှိ၊ သိရှိရန်မှာလည်း ဗုဒ္ဓသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရပါသည်။ မြတ်စွာဘုရားသည် ဤမျှလေးနက်သော တရားတော်ကို သတ္တဝါအားလုံး အလွယ်တကူ သိနားလည်စွမ်းနိုင်အောင် ဟောကြားတော်မူနိုင်ပါပေသည်။ အဘယ်ကြောင့်ဆိုသည်မူ မြတ်စွာဘုရားသည် အများနားလည်အောင် ဟောနိုင်စွမ်းသော ဒေသနာဉာဏ်ကို ပိုင်ဆိုင်ထား၍ဖြစ်ပါသည်။

### အကျင့်သုံးပါး ဤတရား

ဤဓမ္မစကြာတရားတော်ကြီးတွင် ကိလေသာအားလုံးမှ လွတ်ကင်းရန် အထူးသဖြင့် ရဟန်းတို့အတွက် အစွန်းတရားနှစ်ပါးမှ လွတ်အောင်ရှောင်ကြရန်လည်း ဆုံးမဟောကြားထား၏။ လက်ဝဲစွန်း၊ လက်ယာစွန်း အစွန်းနှစ်ပါးမှလွတ်ကင်းအောင် မရှောင်နိုင်သူသည် အို၊ နာ၊ သေ ဒုက္ခဘေးမှ မည်သို့မှ မလွတ်ကင်းကုန် တစ်နည်းသံသရာမှလွတ်မြောက်ရန်ခဲယဉ်းသည့်သဘော ဟောကြားသွား၏။

ဒေါသဦးစီး ပြင်းထန်လွန်းသော ဒုက္ခအစွန်းနှင့် လောဘဦးစီး ပျော့ညံ့လွန်းသောအစွန်း ဤအစွန်းနှစ်ပါးမှ ရှောင်သွေရာသည် အပြစ်ကင်းသော မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းပင် ဖြစ်သည်ကို အလင်းပြသွား၏။ ပုထုဇဉ်တို့အတွက်လည်း အမှန်မြင်၍ အမြင်မှန်ရန် ကြိုးစားအားထုတ်ယူတတ်ရပေမည်။

တဏှာအလိုမလိုက် ကိလေသာများကို ပယ်ဖျက်ရာ အလယ်အလတ်လမ်းသည်သာ လောကအလယ် ကျင်လည်စွမ်းရာ သင့်ပါသည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ ထိတွေ့ကြံစည်ရာ စသည့်အာရုံတိုင်းတွင် တွယ်ငြိနှစ်သက်လွန်းသူ ကျွန်တော်တို့လို လောကီလူသားအားလုံးအတွက် ခန္ဓာအလိုသို့ မလိုက်သည့် အပြစ်ကင်းရန် အလယ်လမ်းသည်သာ အမှန်ဆိုသည်ကို ရယူကြရန် တိုက်တွန်းလိုခြင်းဖြစ်ပါသည်။ လောဘအလို၊ ဒေါသအလိုကို လိုက်ခြင်းသည် ကိလေသာများ ထူပြောရာ အကုသိုလ်ဆီသို့ ဦးတည်သွားနိုင်သည်ဖြစ်၍ အလယ်အလတ်ဖြစ်သော လမ်းမှန်အကျင့်သည်သာ ကိလေသာများကို ငြိမ်းစေသည်ဟု ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူခဲ့၍ ဖြစ်ပါသည်။ ဤလမ်းမှန်အကျင့်ကို ထူးကဲသောဉာဏ်ဖြင့် မြတ်စွာဘုရားကသိခဲ့ပြီး သစ္စာလေးပါးကိုလည်း ထိုးထွင်းသိမြင်သွားသည့်အခါ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုသွားနိုင်ခဲ့ပုံကို တရားတော်က ပြဆိုခဲ့ပါပြီ။

### ဖော်ထုတ်ထားရာ သစ္စာလေးပါးမြတ်တရား

ဓမ္မစကြာတရားဦးတွင် ဗုဒ္ဓသည် ဒုက္ခ၏ အကြောင်းရင်းကို ဖွေရှာထားသည်။ ဘဝသည် တကက်လိုက်ကျလိုက်၊ နိမ့်လိုက်မြင့်လိုက်နှင့် ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်၊ ပျော်တစ်လှည့် ဝမ်းနည်းတစ်ခါ၊ ဖြစ်လိုက်ပျက်လိုက်ဖြစ်နေပုံကို မြင်အောင်ကြည့်နိုင်ရန်လိုပါသည်။ အားလုံးဟာ ဘာမှမမြဲ ဒုက္ခချည်းသာဖြစ်သည်။ ဒါသည်ပင် ဝင်လိုက်၊ ထွက်လိုက်နှင့် အစဉ်ရုန်းကန်ရင်ဆိုင်ရသည့် ဘဝ၏ဖြစ်စဉ်တစ်ခုဖြစ်နေသည်။ ခန္ဓာ၊ ဇာတိရလျှင် ဘုရားအပါအဝင် မည်သူမဆို ဇရာ၊ မရဏ ကြုံရမည်သာဖြစ်သည်။ သံသရာတစ်လျှောက် ကျင်လည်ရှင်သန်ရာဘဝများ တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေသည့် မပြောင်းလဲသော အမှန်သဘောတရားဖြစ်၍ ဒုက္ခသစ္စာမည်ပေသည်ဟု ဗုဒ္ဓက ဖော်ထုတ်ထားသည်။

ရှုပ်ထွေးလှသည့် ဒုက္ခ - ဆင်းရဲခြင်းအမှန်သဘော၏အကြောင်းရင်းဖြစ်သော၊လောဘတဏှာ- သမုဒယသစ္စာဖြစ်သည့် ဆင်းရဲကြောင်းအမှန်သဘောများကိုပါ ဖော်ထုတ်ရှင်းလင်းထားသည်။ ဤအရှုပ်အထွေးမှ လွတ်ရာလွတ်ကြောင်း သီလ၊ သမာဓိ၊ ပညာ အင်္ဂါရှစ်ပါး ဆင်းရဲငြိမ်းကြောင်းမဂ္ဂင်လမ်းဖြင့် ဆင်းရဲငြိမ်းရာ နိရောဓသစ္စာတရားကိုပါ ပြဆိုခြင်းဖြင့် သစ္စာလေးပါး အမှန်တရားကို ဖော်ထုတ်ထားပါသည်။

### ဉာဏ်တော် တစ်ဆယ့်နှစ်ပါးမှာ သစ္စဉာဏ်တော့ရစေချင်

ဤသည်ပင် လေးမျိုးသော သစ္စဉာဏ်ဖြစ်သည်။ ခန္ဓာ၏သဘောကို “သိ” လျှင် “ပယ်” ရမည်။ အင်္ဂါရှစ်ပါးဖြင့် “ပွား”များလျှင် နိဗ္ဗာန်သို့“ဆိုက်” ရောက်ရလိမ့်မည် စသည်ဖြင့် လုပ်ငန်းကိစ္စ အမှန်သဘောများကိုလည်း တိတိကျကျညွှန်ပြထား၍ လေးမျိုးသောကိစ္စဉာဏ်ဖြစ်သွားသည်။ အမှန်တော့ ဗုဒ္ဓမြတ်စွာဘုရားသည် အထက်ပါ လုပ်ငန်းကိစ္စရပ်လေးမျိုးလုံးကို သိရှိပြီးဖြစ်သည်။ ထိုသို့သိပြီးဖြစ်သော ဉာဏ်ကို ကတဉာဏ်ဟု ခေါ်ပါသည်။ ဤသို့ သစ္စာလေးပါး တစ်ပါးစီတွင် ဖြစ်ရပ်မှန်၊ လုပ်ရပ်အမှန်၊ ချုပ်ရာအမှန်ကို သိသောဉာဏ်တော် သုံးပါးစီဖြင့် စုစုပေါင်း ဉာဏ်တော်တစ်ဆယ့်နှစ်ပါးကို ပိုင်းပိုင်းခြားခြားသိမှသာ အတုမရှိ ဗုဒ္ဓမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူလေသည်ဟု ဝန်ခံတော်မူကြောင်း မှတ်သားနာယူရပါသည်။ သို့သော် ကိုယ်ကိုယ်တိုင်သိအောင်မူ ခွဲခြမ်းစိတ်ဖြာမှုများစွာပြုရမည်ဖြစ်ပြီး သိသမျှ ကျင့်ရန်ကိုပါ အလေးအနက်ထား မမေ့အပ်ရန် လိုပါသည်။ မကျင့်နိုင်သေးသည်ထားဦးတော့၊ ဤသစ္စာတရားလေးပါးကို မှတ်သားနာယူရ၍ သိနေရသည်ကပင် သစ္စဉာဏ်တော့ ရေးရေးမျှရနေပြီလား မျှဝေအားပေးမိပါသည်။

ဓမ္မစကြာတရားတော်ကို ဟောကြားနာယူကြပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့သည်လည်း တစ်ဦးပြီးတစ်ဦး သောတာပန်ဖြစ်ကြကာ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် အနတ္တလက္ခဏသုတ် ဟောကြားနာယူပြီးနောက် ငါးပါးလုံးလည်း ရဟန္တာဖြစ်ကြကုန်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် ဆိုင်ရာဆိုင်ရာ ဗုဒ္ဓ၏ ဓမ္မမြတ်တရားများကို သိအောင်သင်စေချင်ပါသည်။ တရားစစ်တရားမှန်များကို သိနားလည်အောင် နာကြားစေချင်ပါသည်။ သိပြီးနားလည်ပြီးလည်း ပယ်တတ်အောင်၊ ပွားတတ်အောင် ကျင့်ကြံစေလိုပါသည်။ သိပြီး၊ နားလည်ပြီး၊ ကျင့်ပြီးလျှင် ဘဝအသစ်တစ်ခု မရခြင်း၊ အဖန်ဖန် ဆင်းရဲဒုက္ခမဖြစ်ခြင်းသို့ မျက်မှောက်ပြုဆိုက်ရောက်ရပါလိမ့်မည်။ သဘာဝကျသော တရားဓမ္မများဖြစ်၍ ကျင့်ကြံမှသာ အကျိုးရှိပေမည်။

တကယ်တော့ ကျွန်တော်တို့ အားလုံးသည် နောက်ဆုံးအချိန်ဆိုသည်မှာ မသေချာ မကြာတော့သည်ဖြစ်၍ ဤလမြတ်ဝါဆိုအခါသမယကို အခွင့်အလမ်းအဖြစ် မှတ်ယူကာ ဓမ္မစကြာဒေသနာတော်ကြီးကို အဓိပ္ပာယ်ပြည့်ဝစွာဖြင့် နေ့စဉ်ရွတ်ဖတ်မှတ်ယူပူဇော်သင့်လှပါသည်။ သစ္စာလေးပါးကို အာရုံပြု၍ ဓမ္မစကြာဒေသနာကို ဝီရိယထားရွတ်ဖတ်ခြင်းသည် ပိဋကတ်သုံးပုံကို ရွတ်ခြင်းမည်ပါသည်။ ရွတ်ဖတ်ရုံဖြင့်မပြီး ကျင့်ကြံပါက ပိဋကတ်သုံးပုံကို လက်တွေ့ကျင့်ခြင်းမည်ပါသည်။ တရားကောင်းဖြစ်၍ စေတနာသဒ္ဒါတရား ထက်ထက်သန်သန်ဖြင့် ကြိုးစားကြည့်စေလိုပါသည်။

အရာရာတိုင်းသည် မမြဲ၊ ဒုက္ခချည်းဖြစ်ကာ အစိုးမရသည်ချည်းဖြစ်၍ မိမိခန္ဓာကို အကျိုးရှိရှိ အမြတ်ထုတ် အသုံးပြုခွင့်ရခိုက်တွင် ခန္ဓာကို ဉာဏ်နှင့်ထပ်၍ သိနိုင် မြင်နိုင် ကျင့်နိုင်အောင် အဆင်သင့်ရှိကြစေလိုကြောင်း မေတ္တာဖြင့် အလေးထား မျှဝေလိုက်ရပါသည်။ ။

> **တဏှာအလိုမလိုက် ကိလေသာများကိုပယ်ဖျက်ရာ အလယ်အလတ်လမ်းသည်သာ လောကအလယ် ကျင်လည်စွမ်းရာ သင့်ပါသည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ ထိတွေ့ကြံစည်ရာ စသည့်အာရုံတိုင်းတွင် တွယ်ငြိနှစ်သက်လွန်းသူ ကျွန်တော်တို့လို လောကီလူသားအားလုံးအတွက် ခန္ဓာအလိုသို့ မလိုက်သည့် အပြစ်ကင်းရန် အလယ်လမ်းသည်သာ အမှန်ဆိုသည်ကို ရယူကြရန် တိုက်တွန်းလိုခြင်းဖြစ်ပါသည်။ လောဘအလို၊ ဒေါသအလိုကို လိုက်ခြင်းသည် ကိလေသာများ ထူပြောရာ အကုသိုလ်ဆီသို့ ဦးတည်သွားနိုင်သည်ဖြစ်၍ အလယ်အလတ်ဖြစ်သော လမ်းမှန်အကျင့်သည်သာ ကိလေသာများကို ငြိမ်းစေသည်ဟု ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူ**

## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ Drone ယာဉ်များယူဆောင်လာခြင်း၊ လွှတ်တင်ခြင်း မပြုလုပ်ရန် ကြိုတင်အသိပေး ကြေညာချက်

အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀) မျိုးစာရင်း




## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့် မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင်စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချိုလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြု ကတ်ပြားယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက် အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန် အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်၊ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်၊ အစုလိုက် အလေးပြုသည့်အချိန်အား (၁၅)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေး အချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

# အမေရိကန်နိုင်ငံက မျောက်ကျောက်ရောဂါကာကွယ်ဆေး ၂ ဒသမ ၅ သန်းထပ်မံမှာယူ

**ဝါရှင်တန် ဇူလိုင် ၁၆**

အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက မျောက်ကျောက်ရောဂါကာကွယ်ဆေး ၂ ဒသမ ၅ သန်း ထပ်မံမှာယူထားကြောင်း အဆိုပါစင်တာက ယနေ့ပြောကြားသည်။

ယင်းသို့ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးများ ထပ်မံမှာယူခြင်းမှာ လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း ရောဂါကူးစက်မှု ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိခြင်းကြောင့်ဖြစ်ကြောင်း ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာမှ ဒါရိုက်တာ ရိုချီလီ ဝါလန်စကီက ယမန်နေ့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံအတွင်း မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၁၄၀၀ ကျော်ရှိပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မျောက်ကျောက်ရောဂါကာကွယ်ဆေး အလုံးရေ ၁၃၁၀၀၀ ခန့်ကို ပြည်နယ်များအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဝါလန်စကီက ဆိုသည်။

ဒိန်းမတ်ဆေးဝါးကုမ္ပဏီ Bavarian Nordic မှ မျောက်ကျောက်ရောဂါကာကွယ်ဆေးများ ထပ်မံမှာယူထားကြောင်းလည်း ဝါလန်စကီက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် အမေရိကန်အစိုးရက မျောက်ကျောက်ရောဂါကာကွယ်ဆေးအလုံးရေ ခုနစ်သန်းနီးပါး မှာယူထားကြောင်းနှင့် အဆိုပါဆေးအလုံးရေ ငါးသန်းခန့်ကို ယခုနှစ်နှောင်းပိုင်းမှစပြီး ၂၀၂၃ ခုနှစ်နှစ်လယ်ပိုင်းအတွင်း ရရှိမည်ဖြစ်သည်။

လက်ရှိအချိန်အထိ နိုင်ငံပေါင်း ၆၂ နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၁၂၃၃၃ ဦးရှိကြောင်း သိရသည်။




အနောက်နိုင်ငံများအနက် စပိန်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၂၈၃၅ ဦး၊ ဂျာမနီနိုင်ငံ၌ ၁၈၅၉ ဦးနှင့် ဗြိတိန်နိုင်ငံ၌ ၁၈၅၆ ဦးရှိကြောင်း သိရသည်။ အလားတူ တောင်ကိုရီးယား၊ တရုတ် (တိုင်ပေ)နှင့် စင်ကာပူနိုင်ငံတို့တွင်လည်း အဆိုပါ ရောဂါ ကူးစက်ခံရသူများတွေ့ရှိကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**

**ဘာသာပြန်– အောင်ကျော်ကျော်**

# စပိန်နိုင်ငံ၌ အပူလှိုင်းကျရောက်မှုကြောင့် သုံးရက်တာအတွင်း ၈၄ ဦးသေဆုံး

**မက်ဒရစ် ဇူလိုင် ၁၆**

စပိန်နိုင်ငံ၌ ဇူလိုင် ၁၀ ရက်မှစပြီး အပူလှိုင်းကျရောက်မှုကြောင့် သေဆုံးသူပေါင်း ၈၄ ဦးရှိကြောင်း စပိန်ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။




သေဆုံးသူအားလုံးသည် ဇူလိုင် ၁၀ ရက်မှ ၁၂ အထိ သုံးရက်တာအတွင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါရက်များတွင် နေ့အပူချိန်သည် ၄၀ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ၏ တောင်ဘက်ပိုင်းနှင့် အနောက်တောင်ဘက်ပိုင်းများ၌ နေ့အပူချိန် ၄၅ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။

လာမည့်ရက်သတ္တပတ်အတွင်း နေ့အပူချိန်နှုန်းများ ထပ်မံမြင့်တက်လာနိုင်ဖွယ်ရှိကြောင်းနှင့် အပူချိန် မြင့်တက်မှုကြောင့် သေဆုံးသူ အရေအတွက်များလည်း မြင့်တက်လာနိုင်ကြောင်း ရာသီဥတုကျွမ်းကျင်ပညာရှင်များက ခန့်မှန်းသည်။

**၈၂၉ ဦးသေဆုံး**

ယခု နေ့အပူချိန်မြင့်တက်မှုသည် စပိန်နိုင်ငံ၌ ဒုတိယအကြိမ်မြောက် အပူချိန်မြင့်တက်ခြင်းဖြစ်သည်။ ဇွန် ၁၁ ရက်မှ ၂၀ ရက်အတွင်း အပူချိန်မြင့်တက်မှုကြောင့် ပြည်သူ ၈၂၉ ဦးသေဆုံးခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။ အဆိုပါရက်များတွင် နေ့အပူချိန် ၄၄ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

အပူချိန်မြင့်တက်မှုကို ခံနိုင်ရည်ရှိစေရန် ရေပမာဏ အများအပြားသောက်သုံးရန်၊ နေအိမ်များတွင်သာ နေထိုင်ရန်နှင့် ကိုယ်ကာယလေ့ကျင့်ခန်း အလွန်အကျွံလုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ကြရန် အာဏာပိုင်များက ပြည်သူများအား တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**

**ဘာသာပြန်–အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၂၅၇၈ ဦးထပ်မံတွေ့ရှိ

**မနီလာ ဇူလိုင် ၁၆**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၇၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၃၇၃၀၅၄၅ ဦး ရှိကြောင်း သိရသည်။

သို့သော် အဆိုပါရောဂါကူးစက်မှုကြောင့် ထပ်မံသေဆုံးသူမရှိခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၀၆၄၁ ဦးရှိပြီဖြစ်သည်။

ထို့ပြင် ပိုးတွေ့ဆဲလူနာ ၁၈၉၉၀ ရှိပြီး အဆိုပါအရေအတွက်သည် ဧပြီ ၁၈ ရက်မှစပြီး ပိုးတွေ့ဆဲလူနာအရေအတွက် အများဆုံးဖြစ်သည်။

နိုင်ငံအတွင်း၌ ရောဂါကူးစက်ခံရသူ ၂၀၀၀ ကျော်တွေ့ရှိခဲ့သည်မှာ သုံးရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။ ထို့ပြင် ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လာသော်လည်း ပြင်းထန်စွာခံစားရသူအရေအတွက်နှင့် ဆေးရုံ၌ တက်ရောက် ကုသမှုခံယူသူအရေအတွက် လျော့ကျသွားကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးတွေ့ရှိခဲ့ပြီး အဆိုပါအရေအတွက်သည် နေ့စဉ်ကူးစက်မှုအရေအတွက် အများဆုံးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ရှိသည့်အနက် လက်ရှိအချိန်အထိ ၇၁ သန်းကျော်အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ နေ့စဉ်ရောဂါကူးစက်ခံရသူ ၂၀၀၀၀ ကျော် ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၁၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၄၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၃၇၃၀၀၇၁ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။



ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၅၆ ဦးသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၅၆၆၀ အထိ ရှိလာပြီဖြစ်သည်။

ပိုးတွေ့ဆဲလူနာအရေအတွက်သည် လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ်အတွင်းကစပြီး မြင့်တက်လာခဲ့သည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၄၀၇၆၀ ရှိကြောင်း သိရသည်။

နေ့စဉ်ကူးစက်မှုနှုန်းသည် ၄ ဒသမ ၈၀ ရာခိုင်နှုန်းရှိပြီး ရက်သတ္တပတ်အတွင်း ကူးစက်မှုနှုန်းမှာ ၄ ဒသမ ၄၀ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

သို့သော် ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၃၀၆၃၆၅၁ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **ကိုးကား– ဆင်ဟွာ**

**ဘာသာပြန်– အောင်ကျော်ကျော်**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၅၂၆ ဦးထပ်မံတွေ့ရှိ

**စင်ကာပူ ဇူလိုင် ၁၆**

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၅၂၆ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၅၇၉၉၄၆ ဦးရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၉၈၂၆ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၇၀၀ သည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ထို့ပြင် ပြည်တွင်းကူးစက်ခံရသူများအနက် ၇၉၆ ဦးသည် ရောဂါကွင်းဆက်တုံ့ပြန်မှုအရ စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ကျန် ၉၀၃၀ သည် လျင်မြန်သော ရောဂါစစ်ဆေးမှုများအရ တွေ့ရှိရခြင်းဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

လက်ရှိတွင် ရောဂါကူးစက်ခံရသူ ၇၆၀ သည် ဆေးရုံများ၌ ဆေးကုသမှုခံယူလျက်ရှိပြီး ယင်းတို့အနက် ၂၀ သည် ပြင်းထန်သော ဝေဒနာများခံစားနေရကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း သုံးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၄၇ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**

## မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ်နောက်ဆုတ်ချိန်တွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၂၉၅)

**မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ် နောက်ဆုတ်ချိန်တွင် အောက်ပါအချက်များကို လိုက်နာရပါမည်-**

(က) မော်တော်ယာဉ်ကိုနောက်ဆုတ်လိုလျှင် မော်တော်ယာဉ်၏ဘေးနှစ်ဖက်နှင့် နောက်သို့ကြည့်ပြီး အန္တရာယ်ကင်းမှ အချက်ပြ၍ ဖြည်းညင်းစွာ နောက်ဆုတ်ရမည်။ အခြားမော်တော်ယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်း မဖြစ်စေရ။

(ခ) လမ်းသွယ်မှ လမ်းမပေါ်သို့ မော်တော်ယာဉ်နောက်ဆုတ် မထွက်ရ။

(ဂ) တစ်လမ်းမောင်းလမ်းပေါ်တွင် နောက်ဆုတ်မမောင်းရ။

(ဃ) ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ နောက်ဆုတ်မထွက်ရ။

(င) လမ်းအသုံးပြုသော အခြားသူများအား အနှောင့်အယှက်ဖြစ်စေမည့် ကြာရှည်စွာနောက်ဆုတ်ခြင်းမပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီတွင် တောင်ဥက္ကလာပ မြို့နယ် အမှတ်(၆)ရပ်ကွက် သုမင်္ဂလာလမ်းမနှင့် ဖြဟ္မစိုရ်လမ်းထောင့်တွင် ထွန်းထွန်းကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၊ ဆေးခြောက် သုည ဒသမ ၂ ကီလိုကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ နံနက် ၁၁ နာရီတွင် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် မေတ္တာလမ်း အမှတ်(၇)ရှိ ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဆေးခြောက် သုည ဒသမ ၈ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်၍ ကွင်းဆက်အရ ပူးပေါင်းအဖွဲ့က ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် မေတ္တာလမ်း အမှတ်(၈)နေ အုန်းမြ(ခ)ပါကြီး၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ အိုက်စ် သုည ဒသမ ၀၂၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀ အားလည်းကောင်း၊ ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်တေဇလမ်း အမှတ်(၇၁/က)နေ အောင်ကျော်ဦး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဆေးခြောက် ၁ ဒသမ ၂ ကီလိုကိုလည်းကောင်း။

အလားတူ ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှာငံမြို့နယ် မြို့ကြီးကျေးရွာအုပ်စု မြို့ကြီးကျေးရွာအနီးတွင် ကျော်စွာဝင်း မောင်းနှင်ပြီး မမီးမီး(ခ)ခင်မိုးဆွေနှင့် အောင်ပွဲတို့ လိုက်ပါလာသည့် King Long Mini Bus အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် စယ်အူကျေးရွာအုပ်စု နမ့်စလီးကျေးရွာ အမှတ်(နဆလ-၇၁)နေ လိုင်ဟော၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ငွေကျပ် နှစ်သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မမီးမီး(ခ)ခင်မိုးဆွေ၊ အောင်ပွဲနှင့် ကျော်စွာဝင်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ မော်တော်ကားအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၆**



တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID နှင့် ကိုက်ညီမှုမရှိသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် မော်တော်ကားအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၆၇၅၅၄) နှင့် အဆိုပါပစ္စည်းများတင်လာသော Volvo အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော လိုင်စင်မဲ့ Subaru အမျိုးအစား Pick Up ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၅၆၇၅၅၄)ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၄ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့မှ မော်လမြိုင်မြို့ အမှတ်(၅၁၈) မြိုင်သာယာ (၉)လမ်း မြိုင်သာယာရပ်ကွက်ရှိ ဂိုဒေါင်အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ အလှကုန်နှင့် စားသောက်ကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၁၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### သိမ်းဆည်းရမိ

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင် မင်းလှမြို့နယ် ဘန့်ပြင်ကျေးရွာအနီး၌ တရားမဝင်ပျဉ်းကတိုးသစ်ခွဲသားနှင့် ဘင်္ဂခွဲသား သုည ဒသမ ၇၉၅ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၅၂၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၃ ရက်တွင် တာဝန်ကျပူးပေါင်းအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်မှ မော်တော်ကား အပိုပစ္စည်းများနှင့် အဝတ်အထည်များ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၄၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Nissan အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပျဉ်းကတိုးခွဲသား ၁ ဒသမ ၇၅၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၇၃၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၄၂၅၃၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ နှင့် ၁၆ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၂၉၈၀၉၄)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၇-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ အနတ္တလက္ခဏသုတ်တရားတော်
- ၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
- ၀၉:၁၅ တရုတ်ကာတွန်း '**ဝါးကျွေ၏စွန့်စားခန်း**' (အပိုင်း-၈)(ဇာတ်သိမ်းပိုင်း)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ '**သီချင်းနိုင်ငံယာရီ - ၂**' မြန်မာပြည်သိန်းတန်တေးသီချင်းများ ဖျော်ဖြေပွဲ ထုတ်လွှင့်မှု
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် '**ငြေနိုင်ငေါင်**' (ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ)
- ၁၇:၁၅ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၁၇:၂၅ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၁၇:၄၅ ဝါဆိုလမှာ ဓမ္မစကြာနှင့် အနတ္တလက္ခဏာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာ သီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့ လျှို့ဝှက်ချက်**' (အပိုင်း-၁၀၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ကြွေလည်းဝေမြဲ တမ်းတဆဲ
- ၂၁:၁၀ ဆေးရောင်စုံရုပ်ရှင် '**စုန်ငရဲ**' (ကျော်ဟိန်း၊ ခင်သန်းနု၊ မင်းဦး၊ ဇင်မာဦး)

### mitv

- 07:02 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
- 07:10 Dhammayangyi Temple
- 07:25 Wushu Kids & Their Limit (Ep-1)
- 07:37 Myanmar's Traditions and Culture "Myanmar Pottery"
- 08:00 Palm-leaf Inscriptions and Parabaiks from Inlay Region
- 08:09 Discovering Tribes: Tai Khun (or) Gon: their life and customs (Part 2)
- 08:26 Today Myanmar: Pakokku Literature Award Presenting Ceremony
- 08:37 Products of Myanmar - Stone Of The Heavens
- 09:01 News
- 09:26 Global Partnership for Brighter Future: Romania Pavilion at Expo 2020 Dubai
- 09:33 Insight Myanmar: Manuscription (Epi-2) Forgotten Illustrated Manuscripts
- 09:54 Dances of Myanmar: Rvwang Azulam Dance

### MRTV NRC

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ(သင်ခန်းစာ)
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၂)
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ချဉ်ပေါင်အချိုရည်ပြုလုပ်နည်း
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်းရိုးရာခေါင်
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** မဏိစန္ဒာနှင့်ပုလဲစိန်(ပြိုးပဒေသာ)
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ရှမ်းခေါက်ဆွဲချက်နည်း
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** စပျစ်သီးစိုက်ပျိုးခြင်း
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** စီးပွားဖြစ်တဲ့ငှက်ပျောစိုက်ခင်း
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** ပညာရှိကဏန်း(ပုံပြင်)
- **ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၉)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ပြည်သူ့အကျိုးပြု ထာဝစဉ်ရှေးရှု
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အရိပ်တကြည့်ကြည့်**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ သုတဝေစည်တောင်သူဆီ
- ၀၇:၄၅ ရွှေသစ္စာမွေးခင်းသို့တစ်ခေါက်
- ၀၈:၂၀ စာသင်ခန်းမှသည် လယ်တောဆီ (စိုက်ပျိုးရေးဇာတ်လမ်းတို)
- ၀၉:၃၀ ခေတ်မီတွေးမြင်နည်းသစ်ထွင် (မှန်ညင်းစိုက်တောင်သူတစ်ဦးနှင့်တွေ့ဆုံခြင်း)
- ၀၉:၅၀ သရက်ပင်ငယ်ပုံသွင်းခြင်းနှင့် အသီးဆွတ်ခူးပြီးနောက် ကိုင်းဖြတ်ပြုပြင်ခြင်း

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြင်းမူမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက မုံရွာ-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးကို လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သေဆုံးကာ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မုံရွာ-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သေဆုံးကာ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဝိုင်းဝန်းပစ်ခတ်ခဲ့**

ဖြစ်စဉ်မှာ ဇူလိုင် ၁၅ ရက်တွင် ပုလဲမြို့နယ် လက်တောင်းကြီး ကျေးရွာနေသူများဖြစ်သည့် ဦးမျိုးညွန့်အပါအဝင် အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦးတို့သည် အဆိုပါ ကျေးရွာနေ ဦးကျော်မိုး (၄၅)နှစ် မောင်းနှင်သည့် SGG 2J/6740 Navaras အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ဖြင့် မုံရွာ-မန္တလေးကားလမ်းအတိုင်း မန္တလေးမြို့သို့ ထွက်ခွာလာခဲ့ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မြင်းမူမြို့နယ် ဝွေးပင် တောကျေးရွာအနီး မုံရွာ- မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၅၇ မိုင် ၇ ဖာလုံနှင့် ၅၈ မိုင်အကြားအရောက် PDF အမည်ခံ အကြမ်းဖက်သမား ၂၀ က လမ်း၏ယာဘက်မှ ထောင်ထားသည့် လက်လုပ်မိုင်း သုံးလုံး ဖြင့် ဖောက်ခွဲကာ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး


ဝေဖြိုးအောင်(သေဆုံး)


မကြည်ဖြူဝင်း(သေဆုံး)


ဦးမျိုးညွန့်(ဒဏ်ရာရ)


အောင်ဇော်မင်း(ဒဏ်ရာရ)

တစ်ဦးတို့မှာ ရရှိဒဏ်ရာများဖြင့်သေဆုံးခဲ့ပြီး အမျိုးသား နှစ်ဦးမှာ မိုင်းစ ထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် မြင်းမူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် ခရီးသွားပြည်သူများ ထိခိုက် ဒဏ်ရာရရှိ သေဆုံးစေသည်အထိ လမ်းမကြီးပေါ်၌ သွားလာနေသည့် မော်တော်ယာဉ်ကို လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်း ဖောက်ခွဲပစ်ခတ်တိုက်ခိုက်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမား များကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ အွန်လိုင်းစနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်အား ဦးဆောင်သူ တရားခံပြေး ကောင်းသိုက်စိုးအပါအဝင် သုံးဦးကို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ အစိုးရ စာသင်ကျောင်းများ၌ ကျောင်းတက်ရောက်ခြင်း မပြုလုပ်စေရန်နှင့် အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန်ရည်ရွယ်၍ အကြမ်းဖက် အုပ်စုအဖြစ်ကြေညာထားသော NUG မှ အဖွဲ့ဝင်တရားခံပြေး ဇော်ဝေစိုး နှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြား မှုအစီအစဉ်အား အွန်လိုင်းစနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက် ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြစ်သားမြို့နယ်တွင် ဆူပူဆန္ဒပြ မှုများ၌ ဦးဆောင်ပါဝင်ခဲ့သဖြင့် မြစ်သားမြို့မရဲစခန်းက ရာဇသတ် ကြီးဥပဒေပုဒ်မ ၅၀၅- က ဖြင့် အမှုဖွင့်လှစ်ထားသည့် တရားခံပြေး ကောင်းသိုက်စိုး(CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) ၃၂ နှစ် (ဘ) ဦးရန်အောင် မြစ်သားမြို့နယ် ကူမဲမြို့နေသူဖြစ်ကြောင်း သိရှိရ သဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ကောင်းသိုက်စိုးအပါအဝင် ဝင်းဗိုလ်(ခ)ဘိုဘို(CDM၊ မူလတန်းပြ) ၂၈ နှစ် (ဘ) ဦးထွန်းရွှေ ကျောက်ဆည်မြို့နယ် ကျားကာရွာနေသူနှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) ၂၈ နှစ် (ဘ) ဦးမောင်အေး မြစ်သား မြို့နယ် မြင်းရွာကြီးကျေးရွာနေသူတို့ သုံးဦးကို ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာ အခန်းတွင် အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန်၌ ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်၌ အကြမ်းဖက်အုပ်စုဖြစ်သည့် NUG က ကျောင်းအုပ်ကြီးအဖြစ်သတ်မှတ် ထားသူ ကောင်းသိုက်စိုး၏ ထွက်ဆိုချက်များအရ NUG ၏စေခိုင်းမှုဖြင့် Kaung For You Federal Private School Team အား ၂၀၂၂ ခုနှစ် ဧပြီလ(ပထမပတ်)တွင် အွန်လိုင်းမှတစ်ဆင့် အဖွဲ့ဝင် ၁၂ ဦးဖြင့် စတင် ဖွဲ့စည်းခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် စတင်သင်ကြားပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း၊ ထိုသို့သင်ကြားပို့ချနိုင်ရန်အတွက် CDM ပြုလုပ်ထားသူ ဆရာ/ဆရာမ ၄၀၀ ခန့်ကို ခန့်အပ်နိုင်ရန် စီစဉ် ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကိုလည်း ဇွန် ၁ ရက်မှစတင်၍ အွန်လိုင်းမှတစ်ဆင့် တရားမဝင်ကျောင်းအပ်လက်ခံခဲ့ပြီး အွန်လိုင်းအခြေပြုစာသင်ကြားမှု အတွက် Zoom Application၊ Facebook၊ Telegram၊ Signal၊ Gmail၊ Messenger တို့တွင် Group များဖွဲ့၍ ဆက်သွယ်အသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထိုသို့ အွန်လိုင်းမှတစ်ဆင့် စာသင်ကြားမည့် CDM ကျောင်းဆရာ ဆရာမများအတွက် လစာငွေအား ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူများ၏ မိဘများထံမှ တစ်လလျှင် တစ်ဦးအနည်းဆုံး ကျပ် ၁၀၀၀၀ နှုန်းကောက်ခံခဲ့ပြီး ကောက်ခံရရှိသည့်ငွေများအား တရားခံ ကောင်းသိုက်စိုးအပါအဝင် အဖွဲ့ဝင်သုံးဦးသည် တောင်ကြီးမြို့နှင့် ကလော မြို့များတွင် လောင်းကစားပြုလုပ်ခြင်း၊ ပြည့်တန်ဆာအမျိုးသမီးများနှင့် ပျော်ပါးခြင်း၊ သောက်စားခြင်းများပြုလုပ်သည့်အပြင် ငွေကြေးလိုအပ် လာသောအခါ Kaung For You တွင် စာသင်ကြားနေသော CDM ပြုလုပ် ထားသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ မိဘများထံမှ အွန်လိုင်းမှတစ်ဆင့် အမည်အမျိုးမျိုး၊ အကောင့်အမျိုးမျိုးအသုံးပြု၍ ခြိမ်းခြောက်ငွေကြေးတောင်းခံမှုများပြုလုပ်ခဲ့ပြီး ရရှိလာသောငွေများ အား ၎င်းတို့၏ အပျော်အပါးကိစ္စများနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ် များတွင် သုံးစွဲခြင်းများဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက် ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင်ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့ အစည်းများကိုလည်း ဆက်လက်ဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ မိဘပြည်သူများအနေဖြင့် မိမိတို့၏ သားသမီးများအား တရားမဝင်ဖွင့်လှစ်ထားသော စာသင်ကျောင်းများတွင် ကျောင်းအပ်နှံ

တရားခံ ကောင်းသိုက်စိုးအပါအဝင် သုံးဦး ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ


ကောင်းသိုက်စိုး
(CDM လက်ထောက်မြို့နယ်
ပညာရေးမှူး)၊ မြစ်သားမြို့နယ်


သန့်စင်ထိုက် (CDM မူလတန်းပြ)၊
အမက(မြင်းရွာကြီး)၊
မြစ်သားမြို့နယ်


ဝင်းဗိုလ် (CDM မူလတန်းပြ)၊
အမက(ကျားကာ)၊
ကျောက်ဆည်မြို့နယ်

ခြင်းမပြုရန်၊ နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသော စာသင်ကျောင်း များတွင်သာ ကျောင်းအပ်နှံတက်ရောက်စေရေး ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန်နှင့် တရားမဝင်စာသင်ကြားမှုပြုလုပ်နေသည့် Kaung For You Federal Private School အပါအဝင် အခြားတရားမဝင် စာသင်ကျောင်းများနှင့်ပတ်သက်သည့်သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။

**သတင်းစဉ်**


တရားခံကောင်းသိုက်စိုးအား ပြည့်တန်ဆာအခန်းတွင် ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။


တရားခံသန့်စင်ထိုက်အား ပြည့်တန်ဆာအခန်းတွင် ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။


တရားခံဝင်းဗိုလ်အား ပြည့်တန်ဆာအခန်းတွင် ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၀၀ | ၁၇၄၅ | ၁၇၄၀ | ၁၇၀၅ | ၁၇၄၅ | ၁၇၆၅ | ၁၇၅၀ | ၁၇၃၀ | ၁၈၂၅ | ၁၈၄၀ | ၁၇၃၅ | ၁၇၄၅ | ၁၇၈၀ | ၁၇၈၀ | ၁၇၈၅ | ၂၀၀၀ | ၂၅၉၀ |
| 95 Ron | ၁၇၄၅ | ၁၇၉၅ | ၁၇၉၀ | ၁၇၅၅ | ၁၇၉၀ | ၁၈၁၅ | ၁၈၀၀ | ၁၇၈၀ | ၁၈၇၀ | ၁၈၉၀ | ၁၇၈၅ | ၁၈၀၀ | ၁၈၃၀ | ၁၈၃၀ | ၁၈၃၀ | ၂၀၅၀ | ၂၆၄၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၃၅ | ၂၈၇၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၀၉ | ၁၆၇၅ |
| 95 Ron | ၁၆၅၆ | ၁၇၂၃ |
| HSD (500 ppm) | ၂၀၂၉ | ၂၀၉၉ |
| HSD (50 ppm) | ၂၀၈၄ | ၂၁၅၅ |
| HSD (10 ppm) | ၂၀၈၄ | ၂၁၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ ချစ်မင်းပိုင်(ခ) ကောင်းဆက်ပိုင်(ခ) ဘယ်လေးသည် ၎င်းအသုံးပြုသည့် “Kaung Sat Paing” Facebook အကောင့်၊ ပြည်မြို့ ပြည်သာယာရပ်ကွက်နေ ချမ်းမြေ့ကောင်းမြတ် (ခ) သပြေစိုးသည် ၎င်းအသုံးပြုသည့် “သပြေစိုး” Facebook အကောင့်၊ ဝေါမြို့ အရှေ့ဘက်ကမ်းရပ်ကွက်နေ တင်မျိုးဆွေ(ခ) ကိုမျိုးသည် ၎င်းအသုံးပြုသည့် “Ko Myo” Facebook အကောင့်၊ မွန်ပြည်နယ် မုဒုံမြို့ မြို့မ (၄)ရပ်ကွက်နေ နီနီလွင် (ခ) အဘုတ်သည် ၎င်းအသုံးပြုသည့် “Ni Ni Lwin” Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက်နေ ဇော်လင်းထွန်း သည် ၎င်းအသုံးပြုသည့် “Zaw Linn Htun” Facebook အကောင့်၊ ဟိုပန်မြို့ ဈေးရပ်ကွက်နေသူများဖြစ်သည့် စိုင်းနေလင်းထွန်းနှင့် နန်းမွေဖောင်းတို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Sai Nay Linn Htun” Facebook အကောင့်နှင့် “Nann Mway Phong” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



လုယက်မှုကျူးလွန်ခဲ့သူများ အသုံးပြုခဲ့သည့် ဖိုက်ဘာအရိုးနှစ်ပေခန့် တပ်ဆင်ထားသော ပုဆိန်ကို တွေ့ရစဉ်။

**☆ ပြည်ကြီးတံခွန်မှ**

KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံဘဏ်ခွဲသို့ အမျိုးသား နှစ်ဦး ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိလာပြီး ဘဏ်အတွင်းဝင်ရောက်ကာ သေနတ်ပြခြိမ်းခြောက်၍ ဘဏ်ကောင်တာအတွင်း ထားရှိသည့် ငွေကျပ်သိန်း ၁၃၅၀ ခန့်အား လုယက်ယူဆောင်ကာ ဘဏ်၌ အသုံးပြုသည့် ကွန်ပျူတာမော်နီတာတစ်လုံးအား ဖိုက်ဘာအရိုး နှစ်ပေခန့် တပ်ဆင်ထားသည့် ပုဆိန်ဖြင့် ရိုက်ခွဲဖျက်ဆီးကာ လုံးပတ် လေးလက်မ၊ အရှည် တစ်ပေခန့်ရှိ PVC ပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံးအား မှန်ကောင်တာပေါ်တင်၍ ၎င်းတို့ စီးနင်းလာသည့် ဆိုင်ကယ် နှစ်စီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့သည့် အမျိုးသား နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

✳ ကျောဖုံးမှ

နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေး ထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# တန် ၄၀၀၀ ဘီလပ်မြေစက်ရုံ၌ ပြည်နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

**ဘားအံ ဇူလိုင် ၁၆**

ကရင်ပြည်နယ်သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပြည်နယ်အဆင့်(တတိယအကြိမ်) ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲကို ယနေ့ နံနက် ၈ နာရီခန့်က မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၂)ဘီလပ်မြေစက်ရုံ တန် ၄၀၀၀ ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်၍ သစ်ပင်များစိုက်ပျိုးပေးခဲ့သည်။

သစ်ပင်စိုက်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း မိုးရာသီအကြိုသစ်ပင်စိုက်ပွဲ ရှစ်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပွဲ သုံးပွဲကို ကျင်းပပြီးစီးခဲ့ပြီး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်ပေါင်း ၈၁၁၅ ပင်ကို တပျော်တပါးစိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင် ပြည်နယ်အဆင့် သစ်ပင်စိုက်ပွဲ (တတိယအကြိမ်)အနေဖြင့် ကျွန်းပင်ပေါင်း ၁၁၈၈ ပင်ကို ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ သစ်တောများမှ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများရရှိနိုင်ရန် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းကို တတ်စွမ်းသမျှဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးမည့်ပျိုးပင်များအား တန် ၄၀၀၀ ဘီလပ်မြေစက်ရုံ စက်ရုံမှူး ဦးကျော်ကျော်စိုးထံ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်ရုံမှူးကြီးနှင့် ဝန်ထမ်းများ၊ လှာကာကျေးရွာအုပ်စုမှ ကျေးရွာသူကျေးရွာသားများက ကျွန်းပင်များကို ပျော်ပျော်ပါးပါး စိုက်ပျိုးပေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ဟုမ္မလင်းမြို့၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်

**ဟုမ္မလင်း ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် "တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်" အစီအစဉ်အနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ ဟုမ္မလင်းမြို့ပေါ်/ရပ်ကွက်တွင် ကျွဲ၊ နွား၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ကြသည်။

ဟုမ္မလင်းမြို့နယ် တောင်ဘိုးလု၊ နောင်ကင်းနား၊ အိုးဘိုးကတောက်၊ နန်းသညစ်ကျေးရွာအုပ်စုတို့တွင် ကျွဲ၊ နွား၊ ဝက်များကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အစီအစဉ်ဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာမင်းခန့်ဇော်နှင့် ဝန်ထမ်းများက နယ်မြေကွင်းဆင်းပြီး ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**



# သာယာဝတီမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**သာယာဝတီ ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံ(သာယာဝတီ)တို့ ပူးပေါင်း၍ စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း (GW–11) စပါးမျိုး၊ မျိုးစေ့ထုတ် စံပြစိုက်ခင်းတွင် ယမန်နေ့ နံနက် ၉ နာရီက ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲအခမ်းအနား ကျင်းပသည်။

လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လယ်ယာမြေများ ထယ်ရေးထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းအား အချိန်ကုန် လူပင်ပန်းသက်သာစွာဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသန့်က ပြောသည်။

သာယာဝတီခရိုင်အတွင်း၌ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစိုက်ဧက ၅၁၆၀၈၅ ဧက လျာထားခဲ့ရာ ၁၂၇၈ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး ၅၁၇၃၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# ဇလွန်မြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**ဇလွန် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှုကို ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အဖြစ် သတ်မှတ်၍ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်လည်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါလှုပ်ရှားမှုပြုလုပ်ရာတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါက်တာလေးမွန်ကြည်နှင့် ဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပူးပေါင်း၍ ဌာနဆိုင်ရာ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအစည်းအဝေးတွင် တိရစ္ဆာန်ကူးစက်ရောဂါနှင့် ကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါများနှင့်ပတ်သက်၍ ရောဂါလက္ခဏာများ ကူးစက်ပျံ့နှံ့ပုံခြင်း၊ ရောဂါကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ခဲ့ပြီး ယနေ့တွင်လည်း မြို့အဝင်၊ အထွက်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာအုပ်စုများတွင် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ထိုးနှံခြင်း၊ ကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်များကို မြို့ဝင်၊ ထွက်နှင့် ကျေးရွာများတွင် ဖြန့်ဝေခြင်း၊ မွေးမြူရေးခြံများတွင် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ခြံဖျန်းဆေးများဖျန်းခြင်း၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၃/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇူလိုင် ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ( မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ် (၃/ ၂၀၂၂) အား ၂၅-၇-၂၀၂၂ ရက်မှ ၂-၉-၂၀၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မန္တလေး)** အမှတ်- ၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(ပုသိမ်)** အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း- ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရှာင်)** အမှတ်- ၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၉-၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# မိုင်းယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန နေကြာသီးနှံစံပြစိုက်ခင်းအား ကြည့်ရှု

**မိုင်းယန်း ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့သည် ယမန်နေ့က မိုင်းယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန နေကြာသီးနှံစံပြစိုက်ခင်းအား ကြည့်ရှုအားပေးရာ မိုင်းယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းက စံပြစိုက်ခင်း စိုက်ပျိုးပြသရသည့် ရည်ရွယ်ချက်၊ နေကြာသီးနှံ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်မည့် နည်းပညာဆိုင်ရာများ၊ စိုက်ပျိုးရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



**ပိုမိုအကျိုးရှိမည်**

ထို့နောက် တိုင်းမှူးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) အပါအဝင် တစ်နိုင်ငံလုံးမှ နေကြာစိုက်ခင်းများ ယခုကဲ့သို့အောင်မြင်ဖြစ်ထွန်းလျှင် အလွန်ကောင်းမည်ဖြစ်ကြောင်း၊ တစ်ပိုင်တစ်နိုင်ဆီစက်များဖြင့် သရုပ်ပြပွဲများ ဆောင်ရွက်ပေးနိုင်မည်ဆိုပါက တောင်သူများအတွက် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်းနှင့် နေကြာမျိုးကောင်းမျိုးသန့်များ နယ်ဝေးမှ ဝယ်ယူစိုက်ပျိုးနေရ၍ သယ်ယူစရိတ်များ ပိုမိုကုန်ကျနေရာ နောင်တွင် မိမိဒေသများတွင်သာ မျိုးစေ့ထုတ်လုပ်ငန်းများ စိုက်ပျိုးထုတ်လုပ်ကာ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

၂၂၂

# ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရိယာရာမကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ဓမ္မရောင်ခြည်စာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိဗြဟ္မဝိဟာရစာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီးကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်ရှိ ဟိုခိုကျောင်းတိုက်သို့လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# တောင်ငူမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်

**တောင်ငူ ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း တိရစ္ဆာန်များတွင် ရောဂါဖြစ်ပွား ကျရောက်ခြင်းမှ ကာကွယ်ရန်အတွက် ရက်သတ္တပတ်လှုပ်ရှားမှုအစီအစဉ်ဖြင့် ဇူလိုင် ၁၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ယမန်နေ့က ကေတုမတီမြို့သစ်ရှိ ကျွဲ၊ နွား မွေးမြူရေးခြံများသို့ ကွင်းဆင်းကာ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စာစောင်ဖြန့်ဝေ**

ထိုသို့ဆောင်ရွက်ရာတွင် ကျွဲ၊ နွား မွေးမြူရေးခြံများ၌ တိရစ္ဆာန်ရောဂါကာကွယ်ဆေး ထိုးနှံခြင်း၊ ဇီဝလုံခြုံမှု မြှင့်တင်ရေးအတွက် ပိုးသတ်ဆေး ဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဦးစီးဌာန၌ အသိပညာပေး နံရံကပ်ဗီနိုင်းပိုစတာများစိုက်ထူ၍ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ပြုလုပ်သည်။

ဆက်လက်၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိက ဝက်အပြင်းဖျားရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်ဦး**



# တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ် ဆောင်ရွက်

**ညောင်လေးပင် ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သရက်ကုန်းကျေးရွာနှင့် လသာကုန်းကျေးရွာတို့တွင် ယနေ့နံနက်ပိုင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများ ပူးပေါင်း၍ တိရစ္ဆာန်ရောဂါကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ရက်သတ္တပတ် ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

အဆိုပါ ကူးစက်ရောဂါဖြစ်ပွားပါက ဆောင်ရွက်ရမည့်လုပ်ငန်းများကို သဏ္ဍာန်တူလေ့ကျင့်မှုများပြုလုပ်ခြင်း၊ အသိပညာပေး ပိုစတာစိုက်ထူခြင်း၊ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ရက်သတ္တပတ် ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကြီးကြပ်မှု ကော်မတီမှ ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဟိန်းသူနိုင်(ပြန်/ဆက်)**

■

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

### လေဆန်သည့်ငှက်၊ လှိုင်းထက်ကလှေ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ဝတ္ထုရှည် တတိယဆုရရှိသည့် စာရေးဆရာတင်လင်းဇော်၏ "လေဆန်သည့်ငှက်၊ လှိုင်းထက်ကလှေ" စာအုပ်ကို ရောင်းဈေးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မိန်းမသားတစ်ဦးက သားသမီးကိုးယောက်ကို လူတမ်းစေ့အောင် ကျွေးမွေးစောင့်ရှောက်ရုံမက မြေးမြစ်များအထိ အနွံအတာခံပြုစုပျိုးထောင်ခဲ့သော မိခင်ကြီး၊ ဘွားအေကြီး၏ မေတ္တာတရားကို ရသမြောက်အောင် ရေးဖွဲ့ထားသည်။ ထို့ပြင် ကျေးလက်နေပြည်သူများ၏ နေ့စဉ်ဘဝနှင့် စရိုက်အထွေထွေကိုလည်း ရေးသားသီကုံးထားသည့်အပြင် မိဘမေတ္တာ၏နက်ရှိုင်းမှု၊ ကြုံလာသည့် အခက်အခဲမှန်သမျှကို ရင်ဆိုင်ကျော်လွှားနိုင်သော အဘွားအိုတစ်ဦး၏ အာဂသတ္တိကိုလည်း စာဖတ်သူမြင်သာထင်သာအောင် ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

### ပန်းတစ်ပွင့် လန်းစွင့်ခဲ့ပြီ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးဆရာမသက်ဦးခင်၏ "ပန်းတစ်ပွင့် လန်းစွင့်ခဲ့ပြီ" စာအုပ်ကို ရောင်းဈေးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စာရေးသူငယ်စဉ်က ကျောင်းသားဘဝ အပြိုင်အဆိုင်ကြိုးစားအောင်မြင်ခဲ့ပုံများ၊ အခက်အခဲများကို ကျော်လွှားကာ အောင်မြင်သော ဘဝမှတ်တိုင်တစ်ခု စိုက်ထူခဲ့ပုံများကို အားကျအတုယူဖွယ် ရေးသားထားသည်။ ထို့ပြင် အညာဒေသ ကျေးလက်နှင့် မြို့ပြဓလေ့၊ မြန်မာ့လူနေမှုဘဝနှင့် ခေတ်ပြိုင်အခြေအနေများကို ပေါ်လွင်အောင် ရေးသားထားပြီး မြန်မာမှုမြန်မာ့ဓလေ့များလည်း စုံလင်စွာ ခြံရံရေးသားထားသော လူငယ်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

### ဖူးစီဝေလန်းရောင်စုံပန်း ကလေးကဗျာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာမ သက်ဦးခင်၏ "ဖူးစီဝေလန်းရောင်စုံပန်း ကလေးကဗျာများ" စာအုပ်ကို ရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၇၂ ပုဒ် ပါဝင်သည်။ အသံသာ၍ ဖတ်ရွတ်ချင်စဖွယ် ကဗျာလေးများဖြစ်ပြီး ကလေးတို့ ထိတွေ့ကျင်လည်ရသောပတ်ဝန်းကျင်မှ စိတ်ဝင်စားဖွယ်ရာ သက်ရှိသက်မဲ့တို့အကြောင်းကို နားလည်လွယ်အောင် သီကုံးဖွဲ့ဆိုထားသည်။ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းမှုရှိစေရန် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျေးလက်တောရွာသဘာဝအလှအပများကို ချစ်ခင်မြတ်နိုးရေး၊ ပညာထူးချွန်သော လူငယ်လူရွယ်များ ဖြစ်အောင် ကြိုးပမ်းအားထုတ်လိုစိတ် မြင့်မားလာစေရေးတို့အတွက် ဦးတည်ဖွဲ့ဆိုထားသည့်အပြင် အချို့ကဗျာများကို ရောင်စုံသရုပ်ဖော်ပုံတို့ဖြင့်လည်း ဝေဝေဆာဆာရေးသားထားသော ကလေးကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

### စာရွက်ပေါ်မှာ ရုပ်ရှင်ရိုက်ခြင်း (ရုပ်ရှင်ဇာတ်ညွှန်းအနုပညာလေ့လာချက်)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ တတိယဆုရရှိသည့် စာရေးဆရာ မင်းဇေဒါ (ပွင့်ဖြူ)၏ "စာရွက်ပေါ်မှာ ရုပ်ရှင်ရိုက်ခြင်း" (ရုပ်ရှင်ဇာတ်ညွှန်းအနုပညာလေ့လာချက်) စာအုပ်ကိုရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ရုပ်ရှင်ဇာတ်ညွှန်းပညာသမိုင်း၊ ကမ္ဘာ့ရုပ်ရှင်ဇာတ်ညွှန်းသမိုင်း၊ မြန်မာ့ရုပ်ရှင် ဇာတ်ညွှန်းသမိုင်း၊ ရုပ်ရှင်ဇာတ်ညွှန်းပညာအကြောင်း၊ ရုပ်ရှင်ဇာတ်ညွှန်းဖွဲ့စည်းတည်ဆောက်ပုံ၊ သမားရိုးကျဇာတ်ညွှန်းဖွဲ့စည်းတည်ဆောက်ပုံ၊ စီမံခန့်ခွဲမှုပါဝင်သော ဇာတ်ညွှန်း၊ ဇာတ်ညွှန်းရောင်းချခြင်း စသည်ဖြင့် ဇာတ်ညွှန်းနှင့်ပတ်သက်ပြီး ကမ္ဘာ့ရုပ်ရှင်၊ မြန်မာ့ရုပ်ရှင်တို့ကို ကိုးကား၍ သုတေသနပြုရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်



## စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မော်လမြိုင် ဇူလိုင် ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက KS Hotel ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာတို့နှင့်ပတ်သက်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)မှ ကြေးတိုင်စီမံကိန်းနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူးဦးမြင့်သိန်း၊ စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင်၊ မြေယာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းဦးတို့က စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြရာ ဆွေးနွေးချက်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူဝန်ထမ်းများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲအား စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေကြသည့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များကိုလည်း ကြေညက်စွာ လေ့လာသိရှိနိုင်ရန် လုပ်ငန်းဆောင်ရွက်ကြရာတွင် စေတနာရှေ့ထား၍ ဆောင်ရွက်ပေးကြရန်နှင့် အဂတိတရားကင်းရှင်းစွာ ပြည်သူ့အကျိုးဌာနအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်သွားကြရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများမှ ဝန်ထမ်းအင်အား ၁၀၃ ဦး တက်ရောက်ဆွေးနွေးလျက်ရှိကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မန္တလေးဈေးကွက်၌ ဂျုံသီးနှံများဈေးကောင်းရရှိကာ အရောင်းသွက်

မန္တလေး ဇူလိုင် ၁၆

ယခုရက်ပိုင်းအတွင်း ပြည်တွင်းစားသုံးမှု များပြားလာခြင်းကြောင့် မန္တလေးဈေးကွက် အတွင်းသို့ ဝင်ရောက်လာသည့် မြန်မာ့လယ်ယာထွက်ကုန် ဂျုံသီးနှံများ ဈေးကောင်းများရရှိကာ အရောင်းအဝယ် သွက်လျက်ရှိကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

### အရောင်းအဝယ်သွက်နေ

အဆိုပါ ဂျုံသီးနှံများသည် မန္တလေးဈေးကွက် အတွင်း၌ ဈေးနှုန်းများ ကောင်းမွန်ကာ ယခုရက်ပိုင်းတွင် အရောင်းအဝယ်များ သွက်နေပြီး ယင်းဂျုံများကို မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင် စသည့်ဒေသများနှင့် ရှမ်းပြည်နယ်မှ ထွက်ရှိလာသည့် ရှမ်းဂျုံများလည်း ဝင်ရောက်လာကာ အရောင်းအဝယ်သွက်နေကြောင်း၊ ဂျုံသီးနှံသည် မတ်လအတွင်းက ဗမာဂျုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ နှင့် ရှမ်းဂျုံဈေးနှုန်းမှာ ငွေကျပ် ၉၀၀၀၀ ရှိခဲ့သော်လည်း ယခုအချိန်တွင် ဗမာဂျုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀ နှင့် ရှမ်းဂျုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ အထိ ဈေးနှုန်းများ ကောင်းမွန်ပြီး အရောင်းအဝယ် သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဂျုံသီးနှံတွေက ဈေးကောင်း ရရှိပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဂျုံကတော့ ကမ္ဘာမှာ စားသုံးမှုအများဆုံး သီးနှံဖြစ်တယ်။ မြန်မာနိုင်ငံမှာတော့ ဆန်စပါးပြီးရင် ဂျုံသီးနှံဟာ ဒုတိယအများဆုံး စားသုံးတဲ့ သီးနှံဖြစ်ပါတယ်။ ယခု ၂၀၂၂ ခုနှစ်မှာ ဂျုံဈေးတွေ မြင့်မားနေတော့ တောင်ပေါ်၊ မြေပြန့် ဂျုံစိုက်တောင်သူတွေအတွက် အမြတ်အစွန်းရပြီး အကျိုးရှိတဲ့နှစ်ဖြစ်ပါတယ်။ ယခင်က ဂျုံမှုန့်ကို ပြည်ပကနေ မှာယူတင်သွင်းတာတွေရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ ပြည်ပကနေ ဝယ်ယူတင်သွင်းတယ်လို့ ကြားသိရမှုမရှိပါဘူး။ ဒါကြောင့် နိုင်ငံခြားဝင်ငွေယိုဖိတ်မှုကို တားဆီးနိုင်အောင်လို့ ဒုတိယအများဆုံးစားသုံးတဲ့ ဂျုံစိုက်ဧကတွေကို တိုးချဲ့ပြီးစိုက်ပျိုးသင့်ပါတယ်။ ဂျုံစားသုံးမှုကလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာပါတယ်။ ဂျုံကလည်း မြန်မာပြည်အတွက် စားသုံးတဲ့နေရာမှာ အရေးပါတဲ့အရာဖြစ်ပါတယ်" ဟု ၎င်းကရှင်းပြသည်။

အဆိုပါ ဂျုံသီးနှံကို တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ မြန်မာပြည်တွင် ဂျုံသီးနှံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ အဓိကထား စိုက်ပျိုးကြပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း၊ ဂျုံသီးနှံသည် နေရာဒေသမရွေး တောင်ပေါ် မြေပြန့်တို့၌ စိုက်ပျိုး၍ရနိုင်ကြောင်း၊ ရာသီဥတုနှင့် မြေအမျိုးအစားပေါ်မူတည်ပြီး စိုက်ပျိုးကြကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



ဝတ္ထုတို

ဇင်မင်းစိုး(ပိုလ်ကလေး)




(၁)

အညာဒေသ၏ သာယာကုန်းရွာလေးတွင် ကိုရင်သာအေးကို မသိသူမရှိပါ။ ကိုရင်သာအေးက ရွာကာလသားခေါင်းဖြစ်ပြီး အလှူမင်္ဂလာဆောင်၊ သာရေးနာရေးများတွင် ကိုရင်သာအေးတို့အဖွဲ့ မပါမဖြစ်ပင်။ ရွာအရေးကိစ္စများတွင် တက်ညီလက်ညီ ဝိုင်းဝန်းကူညီကြသည်။

ကိုရင်သာအေးသည် ရွာ၏အားကိုးရာဖြစ်နေလေ၏။ အသက် ၃၀ ခန့်ရှိပြီး စာပေဗဟုသုတ နှံ့စပ်လှ၏။ ကိုရင်သာအေးတို့ငယ်စဉ်က ရွာရှိဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားရသည်။ အတန်းပညာအပြင်၊ ဗုဒ္ဓစာပေ၊ သဒ္ဒါ၊ သင်္ဂြိုဟ်အထိ သင်ဖူးသည်။ ထိုမှတစ်ဆင့် ပညာဆည်းပူးရာ အထက်တန်းကျောင်းသားဘဝတွင် မြို့သို့ကျောင်းတက်သွားနေရာမှ ကိုရင်သာအေး၏ ဖခင်ဦးထွန်းခင် ပိုးထိဆုံးပါးသွားရာ ပညာတစ်ပိုင်းတစ်စဖြင့် ရွာသို့ပြန်လာပြီး လယ်ယာပြန်လုပ်ရင်း မိခင်အိုကြီးကို လုပ်ကျွေးပြုစုနေသူ ဖြစ်သည်။

ကိုရင်သာအေးက စာဖတ်ဝါသနာပါသည်။ ရွာဦးကျောင်း ဆရာတော်၏ စာဖတ်ခန်းတွင် သူမဖတ်ဖူးသော စာအုပ်ရယ်လို့ မရှိတော့။ လူငယ်၊ လူရွယ်များကိုလည်း မကြာခဏစာဖတ်ရန် တိုက်တွန်းလေ့ရှိသည်။ သူကိုယ်တိုင်လည်း မြို့တက်စပါးရောင်း၊ အသီးအနှံ ရောင်းသွားလျှင် ဂျာနယ်၊ မဂ္ဂဇင်း၊ သုတရသ စာအုပ်များနှင့် နေ့စဉ်ထုတ် သတင်းစာများကို တနင့်တပိုး ဝယ်ယူလာလေ့ရှိသည်။

ကိုရင်သာအေး မြို့ကပြန်လာပြီဆိုလျှင် အများဆုံး သယ်ရသည်က စာအုပ်စာတမ်းများသာဖြစ်လေသည်။ ရွာဦးဘုန်းကြီးကျောင်းဝင်း အတွင်းရှိ မန်ကျည်းပင်ကြီးအောက်တွင် ခုံများရိုက်၍ စာအုပ်များ တန်းစီထားရှိပြီး မည်သူမဆို ဝင်ဖတ်ရှုစေသည်။ ဖတ်ရှုထားပြီး ပစ်ထားခဲ့လို့မရ။ စာအုပ်များကို စနစ်တကျ ပြန်စီရသည်။ အဘယ်ကြောင့်ဆိုသော် ကိုရင်သာအေးက စာအုပ်စာပေများကို ချစ်မြတ်နိုးသည်။ ပြောစရာရှိလျှင် မညာမတာ ပြောလေ့ရှိသဖြင့် အားလုံးက ချစ်ကြောက်ရိုသေကြသည်။

သာယာကုန်း ရွာလေးသည် အညာဆန်သော ရွာလေးဖြစ်ပြီး မန်ကျည်းပင်၊ တမာပင်၊ ထနောင်းပင်၊ ရေတမာပင်နှင့် ကုက္ကိုလ်ပင်တို့ မြောက်မြားစွာတည်ရှိလေသည်။ နေ့လယ်နေ့ခင်း ပူအိုက်သောအချိန်တွင် ရွာသူရွာသားတို့က အရိပ်အာဝါသကောင်းသော ရွာဦးကျောင်းသို့ လာရောက်အပူရှောင်ကြပြီး ကိုရင်သာအေး၏ စာအုပ်စာတမ်းများ ဖတ်ရှုကြကာ နေအေးမှသာ ပြန်ကြလေ့ရှိသည်။ မြို့နှင့်ဝေးသော တောရွာဖြစ်ပေမယ့် အသိပညာနှင့်မဝေးသော တောရွာလေးဟုဆိုလျှင် မှားအံ့မထင်ချေ။

(၂)

စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် ရွာဦးကျောင်းဝင်းအတွင်းရှိ မန်ကျည်းပင်အောက်က စာဖတ်ဝိုင်းလေးသည် ကျောင်းသား ကျောင်းသူကလေးများနှင့် စည်ကားနေလေ့ရှိသည်။ လယ်ယာလုပ်ငန်းများ နားချိန်မို့ ကိုရင်သာအေးလည်း တစ်ချိန်လုံးရှိနေ၏။ ကလေးများမသိသော အကြောင်းအရာများရှိပါက သဘောပေါက်နားလည်အောင် စိတ်ရှည်လက်ရှည် ရှင်းပြပေးသည်။ ထို့ကြောင့် ကျောင်းအုပ်ဆရာကြီး ဦးလှအေးက ကိုရင်သာအေးစာဖတ်ဝိုင်းကို သာယာကုန်းရွာလေး၏ ဒုတိယ စာသင်ကျောင်းဟု မကြာခဏ တင်စားပြောဆိုလေ့ရှိသည်။

ကိုရင်သာအေးက ဒီလိုချီးမွမ်းပြောဆိုလျှင် အလွန်ကြိုက်၏။ ကလေးတွေ စာဖတ်ပြီးလျှင် စားနိုင်ရန် ကြံသကာ၊ ထန်းလျက်၊ ပဲကြီးလှော်များ ချထားပေးသည်။ ကလေးသူငယ်များသည် စာလည်းဖတ်ရပြီး မုန့်ပါစားရသဖြင့် အတိုင်းမသိပျော်ရွှင်ကြသည်။

တစ်နေ့တွင် ကိုရင်သာအေး၏ စာဖတ်ဝိုင်းလေးသည် နာမည်ကြီးဖို့အကြောင်းဖန်လာလေသည်။ သာယာကုန်းရွာမှ အရီးသောင်းရွှေ၏သား စတုတ္ထတန်းကျောင်းသား မောင်ရဲဝင်းသည် လူရည်ချွန်မြို့တက် အရွေးချယ်ခံရာမှ အမှတ်အများဆုံးဖြင့် အရွေးခံရလေသည်။ ထို့အပြင် သာယာကုန်းဒိုင်နယ်တစ်ခုလုံးတွင်လည်း စာပေပထမဆုရရှိသဖြင့် အားလုံးက အတိုင်းမသိဝမ်းသာပျော်ရွှင်ကြသည်။

"တို့ရွာတော့ မြို့မှာ နာမည်အတော်ကြီးသဟေ့" ဟု ဆရာကြီး ဦးလှအေးက ဆိုသည်။

"သာအေး စာဖတ်ဝိုင်းကလည်း ဗဟုသုတတွေရတော့ အခုလို ဆုရတာလည်း ပါတာပေါ့တော်" ဟု အရီးသောင်းရွှေက ချီးမွမ်းသည်။

မြို့မှာ ဘက်စုံပညာစစ်ဆေးရာတွင် မောင်ရဲဝင်းက ဗဟုသုတမေးခွန်းများ၌ အမှတ်အများဆုံး ရရှိသည်ဟု ဆရာကြီးက ပြောသောကြောင့် ဖြစ်သည်။

နောက်ပိုင်းတွင် ကိုရင်သာအေး၏ စာဖတ်ဝိုင်းသည် ကလေးစာဖတ်ဝိုင်းအလား ကလေးများနှင့် စည်ကားပြည့်လျှံနေလေသည်။ မိဘများကလည်း မောင်ရဲဝင်းကလေး ထူးချွန်သွားခြင်းကြောင့် လည်းကောင်း၊ ကလေးများစာဖတ် အားကောင်းရန်အတွက်လည်းကောင်း၊ အလိမ္မာစာမှာရှိဆိုသည်ကို ယုံကြည်ကြ၍ လည်းကောင်း ကိုရင်သာအေး စာဖတ်ဝိုင်းကိုသာ သွားရောက်စာဖတ်ကြရန် တိုက်တွန်းနေလေတော့သည်။

ထို့ကြောင့် ကိုရင်သာအေး၏ စာဖတ်ဝိုင်းတွင် စာအုပ်စာတမ်းများ မလောက်ငသဖြင့် ရပ်ရွာရှိ မိဘများက အလှူငွေများထည့်ဝင်၍ စာအုပ်စာပေများ ဝယ်ယူဖြည့်တင်းစေသည်။

(၃)

"ဒွေးလေးရေ ... ဒွေးလေးသားတွေ နိုင်ငံခြားအလုပ်သွားလုပ်ကြမလို့ဆို"

"ဟုတ်တယ် ... သာအေးရေ ။ ပြောလို့လည်း မရဘူး။ မင်းတောင် မင်းညီတွေကို နားချခိုင်းဦးမလို့"

ယာထဲကအပြန် ဒွေးလေး ဒေါ်သန်းအေးနှင့်တွေ့၍ သာအေးမေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်လည်း လာမလို့ပါ ဒွေးလေးရာ။ စာဖတ်ဝိုင်းနဲ့ ... ယာအလုပ်နဲ့ဆိုတော့ မအားလို့မလာဖြစ်တာပါ။ ညနေမှ လာခဲ့ပါဦးမယ်"

"အေးအေး ... သာအေးရေ။ မင်းညီတွေ ပြောဆိုဆုံးမပါဦးကွယ် ...။ ဒွေးလေးတော့ ဘယ်လိုမှ ပြောမရဘူး"

ညနေပိုင်း ယာထဲရေလွှတ်ပြီး ဒွေးလေး ဒေါ်သန်းအေး အိမ်ဘက် လျှောက်လာခဲ့သည်။

"ဟ ... သာခင်နဲ့ ထွန်းခင်ရ ... မင်းတို့ နိုင်ငံခြား အလုပ်သွားလုပ်မလို့ဆို"

"ဟုတ်တယ် ကိုကြီးသာအေး။ ကျွန်တော်တို့ တစ်ဖက်နိုင်ငံ အလုပ်သွားလုပ်မလို့။ အဆင်သင့်တောင်ဖြစ်နေကြပြီ"

"မင်းတို့ဟာက သေချာလို့လားကွာ။ ဘယ်လို အဆက်အသွယ်ရလဲ"

"ကျွန်တော်တို့ မြို့တက်တုန်းက နိုင်ငံခြား အလုပ်လုပ်ချင်သူတွေနဲ့ ချိတ်ဆက်ပေးတဲ့အဖွဲ့တွေနဲ့ တွေ့ပြီး သူတို့အကူအညီနဲ့သွားမလို့ပါ"

"ဟာ... အဲဒါတွေက သိပ်မယုံရဘူးနော်။ နိုင်ငံခြားသွားတယ်ဆိုတာ သွားချင်တိုင်းသွားလို့မရဘူး။ ထောက်ခံချက်တွေ၊ သင်တန်းတွေတက်ပြီး စနစ်တကျ လူတွေ့မေးမြန်းပြီးမှ ဟိုကလည်းခေါ်၊ ဒီဘက်ကလည်း လုံခြုံစိတ်ချမှ အစိုးရအလုပ်သမားရေးရာဌာနက စိစစ်ပြီးလွှတ်တာကွ။ မင်းတို့ဟာက မြန်လှချည်လား"

"ကိုကြီးသာအေးကလည်းဗျာ ... အ, လိုက်တာ။ အခုခေတ်က အဲဒါတွေမလိုတော့ဘူးဗျ။ နေရာတကာမှာ ပွဲစားဆိုတာရှိတယ်။ သူ့ကို ငွေပေးပြီးလုပ်ခိုင်းရင် အကုန်အဆင်ပြေပါတယ်။ သင်တန်းတက်ရတယ်ဆိုတာကလည်း ကျွန်တော်တို့က ဟိုဘက်မှာ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ရမှာ။ ကျွန်တော်တို့ ဒီမှာလုပ်သလိုပဲ။ ဘာမှမခက်ဘူး။ ဒီမှာက သီးနှံပေါ်ရင် ဘာမှရတာမဟုတ်ဘူး။ ဟိုမှာက လကုန်တာနဲ့ မြန်မာငွေကျပ်ဆယ်သိန်း၊ ဆယ့်ငါးသိန်း ရကြတာ။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ဆို စားပြီးသောက်ပြီး တစ်လတစ်လ သိန်း ၂၀၊ ၂၅ သိန်းလောက် အိမ်ပြန်ပို့နိုင်မှာ။ လုံခြုံတယ် မလုံခြုံဘူးဆိုတာကလည်း လူတွေအများကြီးနဲ့ လုပ်ရမှာလေ။ ကျွန်တော်တို့ နှစ်ယောက်တည်းမဟုတ်ပါဘူး ကိုကြီးသာအေးရ ... စိတ်မပူပါနဲ့ဗျာ"

"အထောက်အထားတွေကော ပြည့်စုံရဲ့လားကွာ"

"ပွဲစားက အကုန်လုပ်ထားပေးတယ် ကိုကြီးသာအေး"

"အေးလေ ... မင်းတို့က အားလုံးလုပ်ထားပြီးမှတော့ ဘာမှမပြောတော့ပါဘူး။ ဒါပေမယ့် တစ်ခုမှာချင်တာက အခုမင်းတို့လုပ်ရမှာက ကိုယ့်နိုင်ငံမဟုတ်ဘူး။ သူများနိုင်ငံ။ အစစအရာရာ ဂရုစိုက်ပါ။ သတိထားနေပါ။ လိမ်လိမ်မာမာနဲ့ ညီအစ်ကိုနှစ်ယောက် ညှိညှိနှိုင်းနှိုင်း လုပ်ကြပေါ့"

"ဟုတ်ကဲ့ ကိုကြီးသာအေး။ စိတ်ချပါ။ ကျွန်တော်တို့မရှိရင် အမေ့ကို ဂရုစိုက်စောင့်ရှောက်ပေးပါဦးကိုကြီးသာအေးရာ"

"အေးပါကွာ ... ဒွေးလေးအတွက် ဘာမှ မပူပါနဲ့။ မင်းတို့သာ ဂရုစိုက်ကြပါ...။ ရော့ ... ဒါက တစ်ဖက်နိုင်ငံရဲ့ ဘာသာစကားစာအုပ်လေးနဲ့ အကူအညီလိုရင် ဆက်သွယ်လို့ရတဲ့ စာအုပ်အသေးလေး။ နိုင်ငံခြားသွားရင် အဲဒါတွေ ဆောင်ထားရတယ်ပြောလို့ မင်းတို့အတွက် ငါယူလာတာ။ ကိုယ်နဲ့မကွာဆောင်ထားပေါ့ကွာ။ အခက်အခဲအကူအညီလိုရင် ဖုန်းဆက်အကူအညီတောင်းပေါ့။ ဘယ်သူမှတော့ မယုံနဲ့နော်"

"ဟုတ်ကဲ့ ... ကိုကြီးသာအေး"

သေသေချာချာ မှာပြီး နှုတ်ဆက်ပြန်ခဲ့သည်။ ဒွေးလေးကိုလည်း အားပေးနှစ်သိမ့်ခဲ့သည်။ ယခုခေတ်ကဲ့သို့ နိုင်ငံခြားကို အထင်ကြီးတတ်ကြသော လူငယ်လူရွယ်များတွင် သာခင်နှင့် ထွန်းခင်တို့ ညီအစ်ကိုလို လူငယ်တွေအများအပြားပင် ရှိကြသည်။ အချို့ကလည်း မြို့တက်အလုပ်လုပ်ကြသည်။ အချို့ကလည်း ပြည်ပသို့ထွက်ကာ အလုပ်လုပ်ကြသည်။ အဆင်ပြေသူရှိသလို အဆင်မပြေသူများလည်း ဒုနှင့်ဒေးပင်။

မည်သို့ပင်ဆိုစေကာမူ သူတို့ဘဝလေးတွေ သာယာဖြောင့်ဖြူး ချောမွေ့ကြပါစေဟုသာ သာအေး ဆုတောင်းနေမိလေတော့သည်။

(၄)

ခြောက်လသာ ကြာလေသည်။ သာခင်နှင့် ထွန်းခင်တို့ ဒုက္ခမျိုးစုံနဲ့ ပြန်ရောက်လာကြလေသည်။ နိုင်ငံခြားသို့ ရောက်သွားကြပေမယ့် တရားဝင်မဟုတ်။ တရားမဝင်သောမှောင်ခိုလမ်းမှ သွားရောက်ကြရပြီး လုပ်ရသည်မှာလည်း ပင်လယ်ငါးဖမ်းသင်္ဘောများတွင် နေပူမရှောင် မိုးရွာမရှောင် မနားမနေလုပ်ကြရသည်။ နှိပ်စက်ရိုက်နှက်ခံကြရလေသည်။

အစားအသောက်လည်း ပြည့်ပြည့်ဝဝ မစားရ။ လုပ်အားခရဖို့နေနေသာသာ အသက်မသေတာပင် ကံကောင်းသည် မှတ်ရမည်။ ထိုအချိန်မှသာ နိုင်ငံခြားအထင်ကြီးသော သာခင်နှင့် ထွန်းခင်တို့ နောင်တကြီးစွာရလေသည်။ အမေအိုကိုလည်း သတိရသည်။ ငါတို့ညီအစ်ကိုသေလျှင် အမေအိုကို အဘယ်သူလုပ်ကျွေးမလဲဆိုသည့်အတွေးက ဖိစီးလာသည်။ ကိုကြီးသာအေးကိုလည်း သတိရသည်။ အတ္တသည် နောင်တများကိုသာ မွေးဖွားပေးလေမှန်း အသိနောက်ကျခဲ့လေပြီဖြစ်သည်။

သို့သော် သာခင်နှင့် ထွန်းခင်တို့ လွတ်မြောက်စေဖို့ ကံကောင်းသော နေ့ရက်တစ်ရက် ရောက်လာခဲ့သည်။ ထိုနေ့ကား မုန်တိုင်းထန်သောနေ့ဖြစ်လေသည်။ လေပြင်းတိုက်ခတ်နေချိန်မို့ အားလုံးပြင်ဆင်နေချိန်မှာ သာခင်နှင့် ထွန်းခင်တို့ ရေထဲခုန်ချထွက်ပြေးလွတ်မြောက်ခဲ့လေသည်။

ဒေသခံ တံငါရွာလေး၏ အကူအညီဖြင့် မြို့ပေါ်ရောက်ကာ ထိုမှတစ်ဆင့် မြန်မာသံရုံး အလုပ်သမား သံအရာရှိအဖွဲ့နှင့် အဆက်အသွယ်ရပြီး မြန်မာနိုင်ငံသို့ ပြန်ရောက်ကာ လူမှုကူညီရေးအသင်းများ၏အကူအညီဖြင့် မွေးရပ်မြေသာယာကုန်းရွာလေးသို့ ပြန်ရောက်လာခဲ့ရသည်။

ဒွေးလေး ဒေါ်သန်းအေးကတော့ သူ့သားတွေနဲ့ အသက်ရှင်ပြန်တွေ့ရတာပင် ဝမ်းသာငိုယို ပျော်မဆုံးဖြစ်နေ၏။ သားနှစ်ယောက်ကလည်း အမေအိုကိုဖက်၍ ငိုကြသည်။ တွေ့စက သာခင်နှင့် ထွန်းခင်တို့ကို မမှတ်မိ။ လူတောင်မှားရသည်။ ပိန်လှီကာ ဒဏ်ရာများနှင့်ဖြစ်သည်။ ပါသွားသမျှ ငွေကြေး၊ ပစ္စည်းအကုန်ဆုံးရှုံးလေသည်။

အမေ့ရင်ခွင်လောက် ဘယ်ရင်ခွင်မှ မနွေးထွေးမှန်း သာခင်နှင့် ထွန်းခင်တို့ သဘောပေါက်နားလည်ကြပြီး အသိပညာချို့တဲ့ခြင်း၏ ဆိုးကျိုးများကို ကိုယ်တိုင်တွေ့ကြုံခံစားရမှ သိရှိကြရလေတော့သည်။

(၅)

ရွာဦးဘုန်းကြီးကျောင်းရှိ ကိုရင်သာအေး၏ စာဖတ်ဝိုင်းလေးသည် ယခု ကျေးရွာစာကြည့်တိုက်အဖြစ်သို့ ပြောင်းရွှေ့ရတော့မည်ဖြစ်သည်။ ရွာလေးသည် တိုးတက်ဝေစည်လာသည်နှင့်အမျှ အလယ်တန်းကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ စိုက်ပျိုးရေးဌာနခွဲနှင့် ကျေးရွာစာကြည့်တိုက်တို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့လေသည်။

ရွာအတွင်း တစ်ချိန်က ထူးချွန်ထက်မြက်ခဲ့သော ကလေးတို့သည် ဘွဲ့ရပညာတတ်ဖြစ်ကြ၍ အစိုးရအလုပ်ဌာနများတွင် အမှုထမ်းနေကြလေပြီ။ ကိုရင်သာအေးသည်ပင်လျှင် ကျေးရွာစာကြည့်တိုက်၌ ရုံးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေလေပြီ။ စာပေကို ချစ်မြတ်နိုးသော ကိုရင်သာအေးတစ်ယောက် ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျသည်ဟု ဆိုနိုင်လေသည်။

လောကတွင် အတတ်ပညာမပြည့်စုံစေကာမူ အသိပညာပြည့်စုံလျှင် ဘဝကိုကောင်းစွာ ရပ်တည်ထူထောင်နိုင်ကြောင်း၊ ပညာမြင့်မှ လူမျိုးတင့်မည်ဆိုသည့်စကားသည် အလွန်မှန်ကန်ကြောင်း၊ သူတစ်ပါးကို အားကိုးနေရသောလူတစ်ယောက်သည် အသိပညာ ပြည့်စုံပါက ဝေဖန်ပိုင်းခြားနိုင်ပြီး အမှားအမှန်ခွဲခြားဆင်ခြင်နိုင်ကြောင်းကို ကျေးရွာစာကြည့်တိုက်လေးက မီးအိမ်တစ်ခု၏ အလင်းတစ်ခုပမာ သက်သေထူလမ်းညွှန်ပြသခဲ့ပြီ ဖြစ်လေတော့၏။ ။

## ရိုးရှင်းတဲ့ဘဝ

❖ အတ္တ၊ မာန မာန်တွေပယ်
ရှင်းသန့်ဖြူစင်တယ်၊
ဂုဏ်မနကွယ် ခဝါချ
စိတ်မှာအေးချမ်းရ။

❖ လူ့လောကသို့ ရောက်စဉ်ခါ
သေချာတွေးကြည့်ပါ၊
လက်ဗလာနှင့် ကိုယ်တုံးလုံး
အူဝဲသံစဉ်ဖုံး။

❖ လူသားတို့ထုံး နှလုံးမူ
လောဘရမ္မက်ပူ၊
သောကဟူသမျှ ကင်းစေရေး
အသိဖြည့်လို့ပေး။

❖ ဒုက္ခဝေးဖို့ တို့တစ်တွေ
လိုချင်စိတ်ကိုဖြေ၊
ရှင်သန်နေချိန် သတိထား
ကြိုးစားတို့လူသား။

❖ လောဘစိတ်များ ရှိလာလျှင်
သတိအမြဲဝင်၊
စဉ်းစားဆင်ခြင် နေထိုင်ကြ
ရိုးရှင်းတဲ့ဘဝ။ ။

ခင်နွဲ့မူ(ပုလဲ)

## ခုနစ်ဆယ့်ငါးနှစ်တိုင် မမေ့နိုင်

❂ တစ်ဆယ့်ကိုးရက် လဇူလိုင်
တစ်သက်မမေ့နိုင်၊
ဂုဏ်သတင်းကြိုင် ပြည်ချစ်ပန်း
ကိုးပွင့်ကြွေလို့နွမ်း။

❂ တိုင်းပြည်လွတ်လမ်း နီးချိန်မှာ
အဖျက်ရန်စွယ်လာ၊
မသမာသူ လူတချို့
အတ္တရှေ့တန်းပို့။

❂ မျက်ရည်သွန်းလို့ မစဲပေ
ထိုနေ့ ရက်စနေ၊
အခက်ပွေ ရင်ဝယ်ညှိုး
ရက်စက် ကြမ္မာမိုး။

❂ ပရအကျိုး ဆောင်ရွက်သူ
အာဇာနည်လိုလူ၊
ကိုယ့်ပြည်သူတွေ ငြိမ်းချမ်းရေး
အမြဲဦးစားပေး။
ကြွေလည်းမွှေး ဝေလည်းမွှေး ။ ။

အောင်သွေး(မြစ်သား)

ဆောင်းပါး

# အားထုတ်ကြိုးစား ရှေ့သို့သွားပါ

## ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

ကမ္ဘာလောကကြီးတွင် ကြီးကျယ်မြင့်မြတ်သောအရာမှန်သမျှတို့သည် အသေးအဖွဲလေးများဖြင့် စုပေါင်းတည်ဆောက်ထားခြင်းဖြစ်သည်။ လူတစ်ယောက်အတွက် အရေးပါသည့် သမိုင်းကြောင်း ကောင်း၊ မကောင်းကို လက်ရှိအချိန်နှင့် ပြည့်စုံအောင် မပြောနိုင်ပေ။ သူ့ဘဝသက်တမ်းတစ်လျှောက်တွင် ဖြတ်သန်းလုပ်ကိုင်ခဲ့ပုံများကို ခြုံငုံသုံးသပ်ပြီးမှသာ သမိုင်းကြောင်း ကောင်း၊ မကောင်းကို ဆုံးဖြတ်ပြောဆိုနိုင်မည်ဖြစ်သည်။ နေ့စဉ်ဘဝတွင် ဖြတ်သန်းလုပ်ကိုင်မှုများသည် လူတစ်ယောက်၏ သမိုင်းကြောင်းအတွက် အထောက်အပံ့ ဖြစ်စေသည်။ ကြီးကျယ်မြင့်မြတ်၍ ကောင်းမွန်သော သမိုင်းကြောင်းတစ်ခုအတွက် နေ့စဉ်ဟူသော အသေးအဖွဲလေးများဖြင့် တည်ဆောက်နေရခြင်း မဟုတ်ပါလော။

အောင်မြင်မှုတစ်ခုကို ရရှိရန်အတွက် ကြိုးစားရာတွင်လည်း ထိုအတိုင်းပင်ဖြစ်သည်။ အသေးအဖွဲလေးများဖြင့် နေ့စဉ်တည်ဆောက်ကြရသည်။ တစ်လှမ်းချင်းလှမ်းကြရသည်။ အောင်မြင်မှုရရှိရန်မှာ နေ့ချင်းညချင်း တစ်ခါတည်းဖြင့် အပြင်းအထန်အားထုတ်မှုအပေါ်တွင် မူတည်နေခြင်းမဟုတ်ပေ။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဖြစ်ရပ်တစ်ခုကို စာချစ်သူများအတွက် မျှဝေပေးလိုက်ပါသည်။

တစ်နေ့တွင် ဘောလုံးအားကစားကို လေ့ကျင့်ပြီး၍ အိမ်ပြန်လာသောလူငယ်လေးက သူ၏အဖေဖြစ်သူအား ဤသို့ ပြောပြသည်။ နေ့စဉ်ဘောလုံးကန်၍ လေ့ကျင့်နေရသည်ကို အပိုအလုပ်ဟုထင်မိကြောင်း၊ အချိန်ကုန်ခံပြီး လေ့ကျင့်နေရသည်ကို စိတ်ပျက်မိကြောင်း၊ နောက်ပြီးသူ့အသင်းသည် လေ့ကျင့်မနေလည်း အနိုင်ရမည်ပင်ဖြစ်ကြောင်း သူ့အဖေကို ပြောပြသည်။ ထိုအခါ အဖေဖြစ်သူက သူ၏ ကိုယ်ပိုင်အလုပ်ရုံထဲသို့ သူ့သားကိုခေါ်သွားခဲ့သည်။ ထို့နောက် သစ်သားပြားတစ်ချပ်ကို စားပွဲပေါ်သို့ တင်လိုက်သည်။ သူ့သားကို ဓားတစ်ချောင်း ပေးလိုက်ပြီး စားပွဲပေါ်တင်ထားသော သစ်သားပြားကို ဓားဖြင့်အလျားလိုက် တစ်ကြိမ်ခြစ်ခိုင်းသည်။ ဘောလုံးလေ့ကျင့်ရာမှ ပြန်ရောက်လာတိုင်း ဓားဖြင့် အလျားလိုက်ခြစ်ရသည်။ တစ်နေ့လျှင် တစ်ကြိမ်သာခြစ်ရ၏။ ထိုသို့ ခြစ်ဆွဲသော အကြိမ်ပေါင်းများလာသောအခါ ဓားအစင်းရာကြီး နက်ရှိုင်းလာခဲ့သည်။

ထိုသို့ ဓားခြစ်ရာမှာ နက်ရှိုင်းလာသော်လည်း သစ်သားပြားမှာ နှစ်ခြမ်းမကွဲသေးပေ။ သို့သော် တစ်နေ့တွင် ဓားဖြင့်ခြစ်လိုက်မှုကြောင့် သစ်သားပြားမှာ နှစ်ခြမ်းကွဲသွားခဲ့သည်။ ဤသို့ နှစ်ခြမ်းကွဲသွားခြင်းမှာ နောက်ဆုံးနေ့၏ ဓားဖြင့်ခြစ်လိုက်မှုကြောင့်လားဟု အဖေကသားဖြစ်သူကို သေချာစွာကြည့်ပြီး မေးလိုက်သည်။ သေးငယ်သော အားစိုက်မှုနှင့် သစ်သားပြားကို နှစ်ခြမ်းကွဲသွားနိုင်မည်ဟု သူ့အနေဖြင့်သတိမမူခဲ့ပေ။ ယခုအခါ သင်ခန်းစာတစ်ခုကို သူရရှိခဲ့ပြီဖြစ်သည်။ သေးငယ်သော အားစိုက်မှုတစ်ခုဖြင့် နေ့ရက်ပေါင်းများစွာပြုလုပ်ခြင်း၏ ရလဒ်ကြောင့် သစ်သားပြားကို နှစ်ခြမ်းကွဲသွားစေခဲ့သည်။ အောင်မြင်မှုဟူသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။ တစ်ကြိမ်တစ်ခါတည်းဖြင့် အပြင်းအထန်အားထုတ်မှုအပေါ်တွင် မူတည်နေခြင်း မဟုတ်ပေ။ နေ့ရက်ပေါင်းများစွာ အဆက်မပြတ်ကြိုးစားအားထုတ်မှုများအပေါ်တွင် မူတည်နေကြောင်းကို သူ့အတွက် သင်ခန်းစာကောင်းတစ်ခု ရရှိစေခဲ့သည်။

လူအများစုသည် ကြိုးစားအားထုတ်မှုကို ပြုလုပ်ကြပါလျက် အောင်မြင်မှုနှင့် ဝေးနေကြရသည်က များလေသည်။ အကြောင်းမှာ တစ်ကြိမ်တစ်ခါတည်းဖြင့် ကြိုးစား၍မအောင်မြင်ခဲ့လျှင် မရနိုင်လောက်ဘူးထင်၍ အကြိမ်ကြိမ်ကြိုးစားကြည့်ရမည်ကို ဝန်လေးနေကြခြင်းကြောင့်ဖြစ်လေသည်။ သူတို့၏စိတ်တွင် မအောင်မြင်ခဲ့သော အကြိမ်များစွာကို ရှုံးနိမ့်မှုကြီးသဖွယ် ခံယူခြင်းကြောင့်လည်း ဖြစ်သည်။ အောင်မြင်မှုဟူသည် တစ်ကြိမ်တစ်ခါတည်း ကြိုးစား၍ရပ်တန့်နေရမည့်အရာ မဟုတ်ပေ။ စောင့်ဆိုင်းနေရမည့်အရာလည်း မဟုတ်ပေ။ မအောင်မြင်ခဲ့သော အကြိမ်များစွာထဲမှ သင်ခန်းစာယူ၍ အကြိမ်ကြိမ်ကြိုးစားမှသာ အောင်မြင်မှုကို ရရှိပေမည်။

လက်တွေ့ဘဝ လုပ်ငန်းခွင်တွင်လည်း ဤသို့ပင်ဖြစ်သည်။ အောင်မြင်မှုရရှိရန် စောင့်ဆိုင်းနေ၍ မရဘဲ အကြိမ်ကြိမ် ကြိုးစားလုပ်ဆောင်ခြင်းဖြင့်သာ ရရှိနိုင်သည်။ ဤအကြောင်းကို ကမ္ဘာကျော်ဖြစ်ရပ်တစ်ခုဖြင့် လူသားတစ်ဦး၏အကြောင်း အနည်းငယ်မျှ တင်ပြလိုပါသည်။ ထိုသူကား ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး သောမတ်အယ်လ်ဗာ အယ်ဒီဆင်ပင်ဖြစ်သည်။ ယနေ့ကမ္ဘာတွင် ညအချိန်ကို နေ့အချိန်သဖွယ် လျှပ်စစ်မီးသီးများဖြင့် အလင်းရောင်ပေးနိုင်နေခြင်းမှာ အယ်ဒီဆင်၏ ကြိုးစားမှုများစွာထဲမှ အောင်မြင်မှုတစ်ခုကြောင့်ပင်ဖြစ်သည်။ ယနေ့ကမ္ဘာကြီး ခေတ်မီတိုးတက်လာခြင်းမှာ လျှပ်စစ်မီးသီးကို အောင်မြင်စွာ တီထွင်ပေးနိုင်ခဲ့ခြင်းကြောင့်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အယ်ဒီဆင်သည် လျှပ်စစ်မီးသီးကို တီထွင်ရာတွင် တစ်ကြိမ်တည်းဖြင့် အောင်မြင်ခဲ့ခြင်းမဟုတ်ပေ။ သူသည် အခက်အခဲအမျိုးမျိုးကို ဖြတ်ကျော်၍ အကြိမ်တစ်ထောင်မက စမ်းသပ်ကြိုးစားခဲ့ခြင်းဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သူသည် မအောင်မြင်ခဲ့သော စမ်းသပ်မှုများစွာ၊ လုပ်ဆောင်မှုများစွာကို ရှုံးနိမ့်မှုဟု မသတ်မှတ်ခဲ့ပေ။ လျှပ်စစ်မီးသီး တီထွင်ပြုလုပ်ရန် မရနိုင်သောနည်းလမ်းများကို တွေ့ရှိခြင်းဟု သတ်မှတ်ကာ ကြိုးစားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးတွင် သူသည် လျှပ်စစ်မီးသီးတီထွင်ပြုလုပ်ရန်နည်းလမ်းကို အောင်မြင်စွာ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အသေးအဖွဲဟုထင်ရသော အဆက်မပြတ်အားထုတ်မှုတို့သည် အချိန်တန်လျှင် အောင်မြင်မှုရရှိရန်အတွက် ကြီးမားသောစွမ်းအားတစ်ရပ် ဖြစ်လာပါသည်။ လူများစွာတို့၏ ရည်မှန်းချက်များ မကြာခဏပျက်ရခြင်းမှာ စိတ်ဆုံးဖြတ်ချက်နှင့် အဆက်မပြတ်အားထုတ်မှု မရှိသောကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်တွင် သာမန်အရည်အချင်းရှိပြီး ထူးထူးကဲကဲအောင်မြင်နေကြသူများလည်း ရှိသည်။ ထိုပုဂ္ဂိုလ်များမှာ မည်မျှပင်ခက်ခဲစေကာမူ အောင်မြင်မှုရရှိရန် မလျှော့သောဇွဲနှင့် အဆက်မပြတ် ကြိုးစားလုပ်ကိုင်ကြသူများဖြစ်သည်။

> ❝ အသေးအဖွဲဟုထင်ရသော အဆက်မပြတ်အားထုတ်မှုတို့သည် အချိန်တန်လျှင် အောင်မြင်မှုရရှိရန်အတွက် ကြီးမားသောစွမ်းအားတစ်ရပ် ဖြစ်လာပါသည်။ လူများစွာတို့၏ ရည်မှန်းချက်များ မကြာခဏပျက်ရခြင်းမှာ စိတ်ဆုံးဖြတ်ချက်နှင့် အဆက်မပြတ်အားထုတ်မှု မရှိသောကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်တွင် သာမန်အရည်အချင်းရှိပြီး ထူးထူးကဲကဲအောင်မြင်နေကြသူများလည်းရှိသည်။ ထိုပုဂ္ဂိုလ်များမှာ မည်မျှပင်ခက်ခဲစေကာမူ အောင်မြင်မှုရရှိရန် မလျှော့သောဇွဲနှင့် အဆက်မပြတ်ကြိုးစားလုပ်ကိုင်ကြသူများဖြစ် ❞

လူသားတိုင်းတွင် ကိုယ်စီရှိနေကြသော ကိုယ်ပိုင်အရည်အချင်းထဲသို့ ကြိုးစားအားထုတ်မှုနှင့် အဆက်မပြတ် ပြုလုပ်တတ်သောဇွဲတို့ကို ပေါင်းထည့်ပေးကြရန် လိုအပ်ပါသည်။ ထိုအခါ တိုးတက်လာမှုများမှ အောင်မြင်မှုများဆီသို့ ကူးပြောင်းရရှိနိုင်မည်ဖြစ်သည်။ ယနေ့ကာလတွင် တိုးတက်နေသော နိုင်ငံများ၊ အောင်မြင်နေသောပုဂ္ဂိုလ်များသည် အတိတ်ကာလနေ့ရက်များက ကြိုးစားအားထုတ်ခဲ့ကြသောကြောင့် ဖြစ်သည်။

အောင်မြင်မှုဟူသည် အခက်အခဲများစွာကို ဖြေရှင်းနိုင်ခဲ့ခြင်း၏ သင်္ကေတပင်ဖြစ်သည်။ သဲတစ်ပွင့်ချင်းစီ ပေါင်းလိုက်ခြင်းကြောင့် ကျောက်ဆောင်ကြီး ဖြစ်လာရသည်ကို စာချစ်သူများ သတိပြုနိုင်ကြပါစေ။ အဆက်မပြတ် အားထုတ်ကြိုးစား ရှေ့သို့သွားခြင်းဖြင့် ဘဝအောင်ပွဲဆင်နွှဲရရှိနိုင်သော လူသားအရင်းအမြစ်များ ဖြစ်ကြပါစေဟု ဆန္ဒပြုရင်းရေးသားလိုက်ပါသည်။ ။

## အာဇာနည်နေ့ တို့မမေ့

✻ ဥသြသံများ တဝေဝေ
အချက်ပေးလို့နေ၊
ကြယ်တွေကြွေတဲ့ ဇူလိုင်လ
လွမ်းဆွတ်တသသ။

✻ မျက်ရည်များက မိုးနှင့်ပြိုင်
နွမ်းလျစိတ်မခိုင်၊
ဇူလိုင်လရဲ့ တစ်ဆယ့်ကိုး
တို့ပြည်မလွှိုင်ကျိုး။

✻ လူမျိုးအားလုံး တွဲလက်ညီ
ပေါင်းစုရှေ့သို့ချီ၊
ချမှတ်ခဲ့ပြီ လမ်းစဉ်များ
လေးစားလိုက်နာသွား။

✻ တို့တိုင်းပြည်အား ငြိမ်းချမ်းအောင်
အသက်ပေးထမ်းဆောင်၊
သတ္တိထွန်းပြောင် ပုဂ္ဂိုလ်ထူး
အာဇာနည်ကိုးဦး။

✻ မမေ့ဘူးကွဲ့ ရင်မှာလေ
အလေးပြုလျက်ပေ၊
အေးချမ်းပါစေ မေတ္တာပို့
အာဇာနည်အပေါင်းတို့။ ။

မောင်ရင်အေး( ပတ္တမြားမြေ )

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၃၆၃ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၅၂,၆၁၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၈၀၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၇၂၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၁၅) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၇၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၉၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၈၅၇) ခု | (၇) ဦး |
| **စုစုပေါင်း** | **(၅,၃၆၃) ခု** | **(၁၁) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၁၇၀၅၇၁ | ၈၆၄၆၈၀၁၈ | ၁၀၄၈၆၉၃ |
| ၂။ | အိန္ဒိယ | ၄၃၇၃၀၀၇၁ | ၄၃၀၆၃၆၅၁ | ၅၂၅၆၆၀ |
| ၃။ | ဘရာဇီး | ၃၃၂၅၀၁၁၇ | ၃၁၅၁၃၃၃၀ | ၆၇၅၁၄၅ |
| ၄။ | ပြင်သစ် | ၃၂၈၁၈၉၀၁ | ၃၀၄၄၄၀၆၃ | ၁၅၀၅၇၆ |
| ၅။ | ဂျာမနီ | ၂၉၆၉၂၉၈၉ | ၂၇၆၆၁၈၀၀ | ၁၄၂၅၃၃ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၃၃၈၉၅၂ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၁၉၉၈၅၄၇၉ | ၁၈၃၈၈၉၇၈ | ၁၆၉၇၃၅ |
| ၈။ | တောင်ကိုရီးယား | ၁၈၇၂၁၄၁၅ | ၁၈၃၁၄၆၀၇ | ၂၄၇၂၈ |
| ၉။ | ရုရှား | ၁၈၄၈၅၆၃၂ | ၁၇၉၀၆၃၂၆ | ၃၈၁၈၃၅ |
| ၁၀။ | တူကီယဲ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၅၉၈၅၀ | ၉၈၀၆၃၂၈ | ၄၃၀၉၁ |
| ၂။ | အင်ဒိုနီးရှား | ၆၁၃၁၄၁၃ | ၅၉၄၇၉၈၀ | ၁၅၆၈၃၉ |
| ၃။ | မလေးရှား | ၄၆၁၃၉၉၈ | ၄၅၃၆၉၄၆ | ၃၅၈၄၄ |
| ၄။ | ထိုင်း | ၄၅၅၇၀၀၁ | ၄၅၀၂၁၅၆ | ၃၀၉၈၁ |
| ၅။ | ဖိလစ်ပိုင် | ၃၇၃၀၅၄၅ | ၃၆၅၀၉၁၄ | ၆၀၆၄၁ |
| ၆။ | စင်ကာပူ | ၁၅၇၉၉၄၆ | ၁၄၆၇၈၃၇ | ၁၄၄၇ |
| ၇။ | မြန်မာ | ၆၁၃၈၀၉ | ၅၉၂၇၂၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၅၁၀ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၈၂၉၅၀ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၄၃၇ | ၁၃၃၂၈၃ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁ ရက်မှ ၁၆ ရက်အတွင်း ကုမ္ပဏီ ခုနစ်ခု၊ ယာဉ်စီးရေ ၁၄ စီးဖြင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၇၀၀နှင့် နှာခေါင်းစည်း ၈၈ ဒသမ ၁၆ တန်တို့ တင်သွင်းခဲ့ကြောင်း သိရသည်။

ဦးစားပေးတင်သွင်းခွင့်ပြု

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇူလိုင် ၁၆

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# အာလူးစိုက်တောင်သူ အကျိုးအမြတ်များဖို့ မျိုးအာလူးဖြန့်ဝေမှုစနစ် ထူထောင်စို့

**ရွှေယွန်း**



အောင်ပန်းမြို့ (ဒေသသုတေသနဇဟိုဌာန)၌ အာလူးသီးနှံကေ ၁၀၀၀၀ အတွက် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ရေးစီမံချက်အရ မျိုးအာလူးများ ထုတ်လုပ်မှုကို တွေ့ရစဉ်။

ရှမ်းပြည်နယ်၏ အာလူးစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် အားကောင်းလာစေရေး အတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်၏ စီးပွားဖြစ်စိုက်ပျိုးရေး ထုတ်ကုန်တစ်ခုဖြစ်သည့် အာလူးစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးတောင်သူများ အကျိုးအမြတ် ပိုမိုရရှိစေရေးနှင့် အာလူးမျိုးရှားပါးမှုအခက်အခဲ ကျော်လွှားနိုင်ရန်အတွက် မျိုးအာလူးဖြန့်ဝေမှု ထူထောင်ခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

**မျိုးအာလူး ဖြန့်ဝေပေးနိုင်ရန် သုတေသနပြုဆောင်ရွက်**

အဆိုပါအစီအစဉ်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံ၊ ဒေသသုတေသနဇဟိုဌာန(အောင်ပန်း)နှင့် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ဟဲဟိုးဥယျာဉ်ခြံတို့တွင် တောင်သူများအတွက် လိုအပ်သောမျိုးအာလူး ဖြန့်ဝေပေးနိုင်ရန် သုတေသနပြုဆောင်ရွက်နေပြီဖြစ်သည်။

"ကျွန်မတို့ရှမ်းပြည်နယ်ဟာ တစ်နိုင်ငံလုံး အာလူးစိုက်ကေရဲ့ ၇၅ ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်ပါတယ်။ တောင်သူတွေဟာ အာလူးကို အကျိုးအမြတ်များတဲ့အတွက် အထွက်တိုးနိုင်မယ့် နိုင်ငံခြားကတင်သွင်းတဲ့ မျိုးအာလူးတွေကို ဝယ်ယူစိုက်ပျိုးကြတယ်။ နိုင်ငံခြားကနေတင်သွင်းရတာဖြစ်တဲ့အတွက် တောင်သူတွေအတွက် ကုန်ကျစရိတ်အတော်များလို့ ရေရှည်မှာ အဆင်မပြေနိုင်ပါဘူး။ ဒါကြောင့် တောင်သူတွေအကျိုးစီးပွားကို ပိုပြီး အထောက်အပံ့ပြုနိုင်ဖို့ တောင်သူတွေအတွက် မျိုးအာလူးဖြန့်ဝေမှုအစီအစဉ်ကို သုတေသနပြုဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျွန်မတို့ ထုံးဖိုသုတေသနခြံနဲ့ ဒေသသုတေသနဇဟိုဌာန (အောင်ပန်း)တို့ကနေ သုတေသနပြုထွက်ရှိလာတဲ့ မျိုးအာလူးကို စိုက်ပျိုးရေးဦးစီးဌာနရဲ့ ဟဲဟိုးဥယျာဉ်ခြံမှာ စမ်းသပ်စိုက်ပျိုးမှာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဇဟိုဌာန(အောင်ပန်း)မှ သုတေသနအရာရှိ ဒေါက်တာဒေါ်ဝင်းဝင်းနွယ်က ပြောကြားသည်။

အာလူးစိုက်တောင်သူအများစု အသုံးပြုနေသောမျိုးအာလူးများသည် စနစ်တကျစိုက်ပျိုးထုတ်လုပ်ထားသော မျိုးအာလူးမဟုတ်ဘဲ ဈေးကွက်တွင် အလွယ်တကူဝယ်ယူရရှိသည့် အာလူးများဖြစ်သောကြောင့် ရောဂါပိုးမွှားဒဏ်မခံနိုင်ခြင်း၊ အထွက်နှုန်းကျဆင်းခြင်းတို့ ဖြစ်ပေါ်တွေ့ကြုံနေကြရသည်။

"အာလူးစိုက်မယ်ဆို ပွဲရုံက အဆင်ပြေတဲ့မျိုးကို ဝယ်ယူစိုက်ကြတာများတယ်။ ပွဲရုံကနေ သီးနှံပေါ်ပေးစနစ်နဲ့ဆိုတော့ အဆင်ပြေတယ်။ မျိုးကောင်းမျိုးသန့်ရွေးတဲ့အပိုင်းကို အားမထည့်ကြဘူး။ အဲဒီတော့ အာလူးက မျိုးပေါင်းစုံတယ်။ တချို့နိုင်ငံတွေက ဝင်လာတဲ့မျိုးတွေဆို စိုက်ပျိုးတဲ့တောင်သူကို အာမခံချက်ပေးနိုင်တဲ့မျိုးမဟုတ်ဘူး။ ကျွန်တော်တို့အတွက် အာမခံချက်ရှိတဲ့ အာလူးမျိုးကောင်းမျိုးသန့်လိုအပ်တယ်။ ဒါကြောင့် ကျွန်တော်တို့ အာလူးစိုက်တဲ့တောင်သူတွေဟာ ရေရှည်အတွက် စဉ်းစားရတယ်။ စိုက်ပျိုးရေးဦးစီးဌာနနဲ့ စိုက်ပျိုးရေး သုတေသနဦးစီးဌာနကို ဒီလိုမျိုးတွေ ထုတ်လုပ်ပေးစေချင်တယ်။ အခုတော့ ကျွန်တော်တို့ဒေသမှာ သုတေသနပြုဆောင်ရွက်နေပြီလို့ သိရပါတယ်။ ကျွန်တော်တို့လက်ထဲ အာလူးမျိုးကောင်းမျိုးသန့် တွေရောက်ဖို့ မျှော်လင့်နေပါတယ်"ဟု နောင်တရားမြို့မှ အာလူးစိုက် တောင်သူတစ်ဦးဖြစ်သည့် ဦးခွန်အောင်ဆန်းဦးက ပြောသည်။

**"စိုက်ပျိုးတောင်သူများ အကျိုးဖြစ်ထွန်းမည့် အာလူးစိုက်ပျိုးထုတ်လုပ်မှုအတွက် ပိုးမွှားကင်းစင်သောမျိုးအာလူးများ အသုံးပြုရန်လိုအပ်သည်။ သို့အတွက် မျိုးကောင်းမျိုးသန့်များစွာ ရရှိရန်အတွက် အပင်တစ်သျှူးကာချာနည်းပညာဖြင့် မွေးမြူထုတ်လုပ်ရသည်။ ယင်းနည်းပညာဖြင့် ရရှိလာသည့်မျိုးပင်ငယ်များကို အဆင့်ဆင့် စိုက်ပျိုးပြီးမှ မျိုးအာလူးထုတ်လုပ်ရခြင်းဖြစ်"**

**အာလူးစိုက်ကေပေါင်း ၉၀ဖ၄၄ ကေ**

မြန်မာနိုင်ငံတွင် အာလူးစိုက်ကေပေါင်း ၉၀ဖ၄၄ ကေ ရှိပြီး ရှမ်းပြည်နယ်တွင် အာလူးစိုက်ကေ ၅၁၂၉၆ တည်ရှိနေသည်။ လက်ရှိ ရှမ်းပြည်နယ်ရှိ အာလူးစိုက်တောင်သူများသည် L6 (တရုတ်မျိုး) စိုက်ပျိုးမှု ဖ၀ ရာခိုင်နှုန်း၊ Markies (နယ်သာလန်မျိုး) စိုက်ပျိုးမှု ၁၀ ရာခိုင်နှုန်း၊ Carolus(နယ်သာလန်မျိုး) ၂၀ ရာခိုင်နှုန်းနှင့် Kufri jyoti (အိန္ဒိယမျိုး) စိုက်ပျိုးမှု ၁၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

"မျိုးကောင်းမျိုးသန့်သုံးရမယ်ဆိုတဲ့ အသိတော့ ရှိကြပါတယ်။ သို့သော်လည်း စိုက်ခါနီးအချိန်ကျ ဈေးကွက်ထဲ အလွယ်ရတာ စိုက်ကြတာများတယ်။ ဒီမျိုးတွေက အဆင်မပြေတာတွေရှိတယ်။ ပြီးတော့ အခုနှစ်ပိုင်းမှာ ဈေးကွက်မှာ မျိုးဈေးနှုန်းက တက်တဲ့အခါ စိုက်တဲ့သူအတွက် အဆင်မပြေတော့ ကိုယ့်နိုင်ငံထဲမှာ မျိုးကောင်းမျိုးသန့် စနစ်တကျ စိုက်ပျိုးချင်လာကြတယ်"ဟု ဟဲဟိုးမြို့မှ အာလူးစိုက်တောင်သူ ဦးငွေအောင်ကဆိုသည်။

စိုက်ပျိုးတောင်သူများ အကျိုးဖြစ်ထွန်းမည့် အာလူးစိုက်ပျိုးထုတ်လုပ်မှုအတွက် ပိုးမွှားကင်းစင်သောမျိုးအာလူးများ အသုံးပြုရန်လိုအပ်သည်။ သို့အတွက် မျိုးကောင်းမျိုးသန့်များစွာ ရရှိရန်အတွက် အပင်တစ်သျှူးကာချာနည်းပညာဖြင့် မွေးမြူထုတ်လုပ်ရသည်။ ယင်းနည်းပညာဖြင့် ရရှိလာသည့်မျိုးပင်ငယ်များကို အဆင့်ဆင့်စိုက်ပျိုးပြီးမှ မျိုးအာလူးထုတ်လုပ်ရခြင်းဖြစ်သည်။

**သုတေသနပြု ဆောင်ရွက်လျက်ရှိ**

အပင်တစ်သျှူးကာချာ နည်းပညာဖြင့် မျိုးအာလူးထုတ်လုပ်မှုအစီအစဉ်ကို ရှမ်းပြည်နယ်ရှိ ထုံးဖိုသုတေသနခြံနှင့် ဒေသသုတေသနဇဟိုဌာန (အောင်ပန်း)တွင် သုတေသနပြု ဆောင်ရွက်လျက်ရှိသည်။

"အာလူးစိုက်ရင် ခြမ်းစိုက်တာရှိတယ်၊ အလုံးလိုက်စိုက်တာရှိတယ်၊ ဘယ်လိုစိုက်စိုက် စိုက်လို့ရပေမယ့် အခြမ်းစိုက်တာက ရောဂါပိုး ပိုပြီးဝင်လွယ်တယ်။ ပြီးတော့ ကျွန်မတို့ဒေသမှာ မျိုးကောင်းမျိုးသန့်ဆိုတာ မျက်စိနဲ့ ကြည့်လို့မြင်ရတာမဟုတ်တော့ အဆင်ပြေတာ ရွေးချယ်ကြတဲ့အတွက် ရောဂါဒဏ်ကြောင့် အထွက်ကျတာ ကြုံကြရတယ်။ အဓိကတော့ မြေဆောင်ရောဂါတွေ ဝင်တဲ့အတွက် တောင်သူတွေ အခက်အခဲဖြစ်ရတယ်။ ဒါကြောင့် မျိုးကောင်းမျိုးသန့်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ပါ။ ကျွန်မတို့ဒေသမှာက ကြော်အာလူး၊ စားအာလူး စသဖြင့် ဈေးကွက်လိုအပ်ချက်ရှိတဲ့ အာလူးမျိုးစုံကိုစိုက်ကြတယ်။ ခုနောက်ပိုင်းမှာ မျိုးကောင်းမျိုးသန့်အာလူးရရှိဖို့ဟာ အရေးကြီးတာကို သိရှိလာကြတဲ့အတွက် မျိုးအာလူးစိုက်ပြီး ပြန်လည်ရောင်းချင်တဲ့ တောင်သူတွေလည်း များလာပါပြီ"ဟု ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံမှ သုတေသနအရာရှိ ဒေါ်ခိုင်ခိုင်ဦးက ပြောပြသည်။

**အပင်တစ်သျှူး အာလူးပင်ငယ်များ မွေးမြူထုတ်လုပ်**

တောင်သူလက်ဝယ် မျိုးအာလူး ဖြန့်ချိနိုင်ရန်အတွက် ရှေးဦးစွာ စိုက်ပျိုးရေးသုတေသနခြံများရှိ ဓာတ်ခွဲခန်းအတွင်း အပင်တစ်သျှူး အာလူးပင်ငယ်များ မွေးမြူထုတ်လုပ်ရသည်။ အပင်တစ်သျှူး အာလူးပင်ငယ်များ မွေးမြူထုတ်လုပ်ရာတွင် အပင်ဓာတ်ခွဲခန်းတွင်း အဆင့်အဆင့် ပြုလုပ်ရသည်။ ထိုမှတစ်ဆင့် ဓာတ်ခွဲခန်းမှရရှိလာသော အပင်ငယ်လေးများအား ပျိုးခြံအတွင်း Aeroponic နည်းဖြင့်လည်းကောင်း၊ ပွားစာ(substrates)များဖြင့်လည်းကောင်း အာလူး minitubers များကို generation 0 အဆင့် ထုတ်လုပ်ပေးရသည်။

"ကျွန်မတို့ သုတေသနခြံတွေမှာ မြေမှာ ချစိုက်နိုင်တဲ့အဆင့် ရောက်ရှိအောင် ရှေးဦးအဆင့်တွေကို ဓာတ်ခွဲခန်းထဲနေ မျိုးရလဒ်ကောင်းထွက်အောင် လုပ်ပေးရတာပါ။ ပထမဆုံးအနေနဲ့ ဓာတ်ခွဲခန်းထဲမှာ အညှောက်ဖောက်ထားတဲ့ အာလူးညှောက်တွေကို ပိုးသန့်စင်ခြင်း အဆင့်ဆင့်လုပ်ရတယ်။ ဒီကနေ ရောဂါပိုးမွှားကင်းစင်တဲ့ Meristem ရအောင် လုပ်ရတယ်။ ဒီအပိုင်းလေးရဖို့ ရက် ၉၀ ကနေ ၁၂၀ အထိ ကြာမြင့်နိုင်ပါတယ်။ ဒီကနေ Meristem အပိုင်းလေး ရလာပြီဆိုရင် ထပ်ပွားဖို့ လုပ်ရတယ်။ ထပ်ပွားတဲ့အဆင့်က ရက် ၂၀ ကနေ ၃၀ အထိ ကြာမြင့်ပါတယ်။ ထပ်ပွားလာတဲ့အပင်လေးတွေကို အာဟာရပုလင်းထဲမှာ မွေးရတယ်။ မွေးပြီးရင် မီနီကျူးဘာထုတ်ဖို့အတွက် ပင်စည်သန်မာအောင် လုပ်ရတယ်။ ပင်စည်သန်မာလာပြီဆိုရင် Generation 0 ထုတ်လုပ်ဖို့ အေရိုပိုးနစ်စင်တွေပေါ် တင်ရတယ်။ အေရိုပိုးနစ်စနစ်ဆိုတာကတော့ ဓာတ်ခွဲခန်းထဲက ထွက်လာတဲ့ တစ်သျှူးအပင်လေးတွေကို မြေလွှာမဲ့စိုက်ပျိုးတာပါ။ ဒီလိုစိုက်ပျိုးရာကနေ Generation 0 ပိုးမွှားကင်းစင်တဲ့ မျိုးသန့်အာလူး ရရှိပါပြီ။ ဒါက တော့ အပင်တစ်သျှူးကာချာနည်းပညာပါ"ဟု သုတေသနအရာရှိ ဒေါ်ခိုင်ခိုင်ဦးက ပြောသည်။

စာမျက်နှာ ၂၄ သို့ ❑



ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံတွင်လက်ရှိဆောင်ရွက်နေမှု

❑ စာမျက်နှာ ၂၃ မှ

### သုတေသနပြုဆောင်ရွက်

အပင်တစ်သျှူးကာချာနည်းပညာကို ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော သီးနှံနှင့် ပန်းမန်များ၊ ရှားပါးဒေသမျိုးများနှင့် မျိုးပွားရန် ခက်သောမျိုးများကို သုတေသနပြုမွေးမြူရွေးချယ်ရန်၊ ပြောင်းလဲလာသောရာသီဥတုကို ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သောအထွက်နှုန်းကို ပေးနိုင်သည့် ဟင်းသီးဟင်းရွက်၊ ပန်းမန်မျိုးကောင်းမျိုးသန့်များကို သုတေသနပြုဖော်ထုတ်ရန်၊ တောင်သူများ ကြုံတွေ့နေရသော စိုက်ပျိုးရေးဆိုင်ရာပြဿနာများကို ဖြေရှင်းပေးနိုင်မည့် သုတေသနနည်းပညာ ရှာဖွေဖော်ထုတ်ရန်၊ သုတေသနပြုရရှိလာသော ရလဒ်ကောင်းများနှင့် နည်းပညာများ၊ မျိုးသစ်များကို စိုက်ပျိုးထုတ်လုပ်သူတို့အား လက်ဆင့်ကမ်းဖြန့်ဝေခြင်းကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ တောင်သူအခြေပြု သုတေသနစခန်းများ တည်ထောင်၍စိုက်ပျိုးထုတ်လုပ်သူ တောင်သူတို့ကို သုတေသန ရလဒ်ကောင်းများကို လက်တွေ့စိုက်ပျိုးပြသ၍ နည်းပညာများကိုဖြန့်ဝေရန် စိုက်ပျိုးရေးသုတေသနခြံများတွင် သုတေသနပြုဆောင်ရွက်လျက်ရှိသည်။

"ကျွန်မတို့အနေနဲ့ ရှမ်းပြည်နယ်ရဲ့ အာလူးထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံး တိုးတက်လာဖို့ မျိုးအာလူးထုတ်လုပ်တဲ့ အစီအစဉ်အတွက် ဌာနနဲ့ ပြည်နယ်အစိုးရအဖွဲ့က အကူအညီအထောက်အပံ့တွေ အများကြီးပေးပါတယ်။ တစ်သျှူးကာချာနည်းနဲ့ ထွက်လာတဲ့ အပင်လေးတွေကိုစိုက်ဖို့ အေရိုပိုးနစ်စင်တွေ လိုအပ်ပါတယ်။ ဒီအတွက်တိုးချဲ့တည်ဆောက်ပေးတာရှိသလို ဓာတ်ခွဲခန်းတွေ အဆင့်မြှင့်တင်ပေးတာလည်း ရှိပါတယ်။ အဓိကတော့ တောင်သူတွေအတွက်လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်ကို တစ်နှစ်ပတ်လုံး ထုတ်လုပ်ပေးနိုင်အောင်ပါ။ သုတေသနပြုပြီး တောင်သူအကျိုးများမယ့် ရလဒ်ကောင်းထွက်အောင် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် သုတေသနပြုလုပ်တဲ့အချိန်တော့ ယူရပါတယ်။ လက်ရှိ တောင်သူတွေလိုအပ်နေတဲ့ မျိုးအာလူးကို ချက်ချင်းတော့ တောင်သူလက်ထဲ မပေးအပ်နိုင်သေးပေမယ့် ရေရှည်မှာ တောင်သူတွေ အကျိုးရှိမယ့် ရလဒ်ကောင်းတွေအတွက် ဆောင်ရွက်နေပါတယ်။ အခု ကျွန်မတို့ သုတေသနခြံတွေမှာ ဒေသအာလူးစစ်ဗိုလ်မျိုးအပြင် နယ်သာလန်၊ အိန္ဒိယမျိုးတွေကိုပါ တစ်သျှူးကာချာနည်းနဲ့ အပင်ဓာတ်ခွဲခန်းတွင်း ပွားများဆောင်ရွက်လျက်ရှိ




ပါတယ်"ဟု ဒေါက်တာဒေါ်ဝင်းဝင်းနွယ်က ရှင်းပြသည်။

ထုံးဖိုသုတေသနခြံနှင့် ဒေသသုတေသနဇဟိုဌာန(အောင်ပန်း)မှ ရရှိလာသည့် မျိုးအာလူး Generation 0 ကို ဟဲဟိုးမြို့ စိုက်ပျိုးရေးဦးစီးဌာနခြံတွင် မျိုးအာလူး Generation 1 အဖြစ် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။

"ကျွန်တော်တို့ခြံမှာက အပင်တစ်သျှူးကာချာနည်းပညာနဲ့ရရှိလာတဲ့ မျိုးအာလူး Generation 0 တစ်ဧက စမ်းသပ်စိုက်ပျိုးသွားမယ်။ ဒီကနေ မျိုးအာလူး Generation 1 ရလာမယ်။ သုတေသနပြုချက်အရတော့ တစ်ဧက စိုက်ပျိုးရင် မျိုးဥ ၅၂၄၈ ပိဿာ စိုက်ပျိုးထုတ်လုပ်နိုင်ပါတယ်။ လက်ရှိမှာတော့ မျိုးအာလူးကွင်းဆက်က အပြည့်အဝ မချိတ်မိသေးဘူး။ ကျွန်တော်တို့ ဌာနတွေအနေနဲ့ ဆောင်ရွက်ဆဲအဆင့်ပဲ ရှိနေသေးတယ်။ ဒါပေမဲ့ တောင်သူထံ အမြန်ဆုံးပေးအပ်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။ ကျွန်တော်တို့ခြံတွေကထွက်ရှိတဲ့ မျိုးအာလူး Generation 1 ကို မျိုးစေ့ထုတ်သမအသင်းတွေ၊ Contract Farming တွေကိုထပ်ပြီး မျိုးအာလူးထုတ်နိုင်ဖို့ ဖြန့်ဝေသွားမယ်။ ဒီအဆင့်မှာ တောင်သူဆီ တိုက်ရိုက်မဖြန့်တာက မျိုးအာလူးထုတ်လုပ်မှု ကွင်းဆက်မပြတ်အောင်ပါ။ ပြီးတော့ မျိုးအာလူးထိန်းသိမ်းတဲ့စနစ်ကလည်း ကုန်ကျမှုစရိတ်ရှိပါတယ်။ ဒါကြောင့် ဒီအဆင့်ကနေ မျိုးအာလူး Generation 2 နဲ့ 3 ကို စိုက်ပျိုးပြီး ဒီကနေ မျိုးအာလူး Generation 4 ကစပြီး တောင်သူဆီ ဖြန့်ဝေတဲ့ ကွင်းဆက်ကို စီစဉ်နေပါတယ်။ ဒီမျိုးတွေက တစ်ဧကကို အထွက် (၇၀၀၀-၁၀၀၀၀) ပိဿာရရှိနိုင်ပါတယ်။ ဒီအတွက် စိုက်ပျိုးနည်းပညာပေးတဲ့ လုပ်ငန်းတွေကိုလည်း တစ်ဖက်က ဆောင်ရွက်နေပါတယ်"ဟု ဟဲဟိုးဥယျာဉ်ခြံ တာဝန်ခံ ဦးညီညီအောင်က ရှင်းပြသည်။

မျိုးကောင်းမျိုးသန့် မျိုးအာလူးများကို စနစ်တကျထိန်းသိမ်းသိုလှောင်ခြင်းသည် စိုက်ပျိုးတောင်သူများအတွက် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ မျိုးသိုလှောင်မည့် အခန်းအပူချိန်သည် ၄၀ ဖာရင်ဟိုက်မှ ၇၀ ဖာရင်ဟိုက်အတွင်း တည်ရှိရမည်ဖြစ်သည်။ သို့မှသာ အာလူးတွင် သဘာဝအတိုင်းရှိနေသည့် အာဟာရဓာတ်များကို မပြောင်းမလဲ ကောင်းစွာသိုလှောင်ထားနိုင်မည်ဖြစ်သည်။

လက်ရှိတွင် ဟဲဟိုး၌ အာလူးမျိုး သိုလှောင်ရုံနှစ်ခုရှိပြီး မျိုးအာလူး တန် ၁၅၀၀ ခန့်သာ သိုလှောင်နိုင်ပြီး တည်ဆောက်လျက်ရှိသည့် အင်းခေါင်းနှင့် နောင်တရား အအေးခန်းသိုလှောင်ရုံများပြီးစီးပါက အင်းခေါင်း စုစုပေါင်း မျိုးအာလူး တန် ၃၀၀၀ ထပ်မံသိုလှောင်နိုင်မည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရှမ်းပြည်နယ်အတွင်း အားလူးစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ရေးအတွက် မျိုးထားမျိုးလှောင်အသုံးပြုခြင်း လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန်လိုအပ်သည်။ ထို့ကြောင့် မျိုးသန့်ပွားများခြင်းလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် မျိုးပွားခြင်း၊ မျိုးသိုလှောင်ခြင်းနှင့် မျိုးဖြန့်ခြင်းတို့ကို အကျိုးဆောင်တောင်သူများ ဖွဲ့စည်းလျက် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်လျက်ရှိသည်။

"မျိုးက ကျွန်တော်တို့ပြည်နယ်မှာ တောင်သူလက်ဝယ်ဖြန့်ဝေနိုင်ဖို့ လုပ်ဆောင်နေပါပြီ။ အာလူးစိုက်တဲ့အခါ စိုက်ပျိုးစရိတ်ကုန်ကျမှုမှာ မျိုးအတွက် ကုန်ကျစရိတ်က ၆၀ ရာခိုင်နှုန်း ရှိပါတယ်။ လတ်တလော ကျွန်တော်တို့ဆီမှာ မထုတ်နိုင်သေးတဲ့အတွက် မျိုးတင်သွင်းတဲ့အခါမှာ အခွန်စုစုပေါင်း ၁၇ ရာခိုင်နှုန်းဆောင်ရပါတယ်။ ကုန်သွယ်ခွန်မကောက်တဲ့အတွက်ကြောင့်ပါ။ ကောက်ရင်တော့ ၂၂ ရာခိုင်နှုန်း ဆောင်ရပါမယ်။ နယ်စပ်ကနေ ဝင်လာတာတွေလည်းရှိပါတယ်။ ဒီဟာနဲ့ ဈေးနှုန်းက ယှဉ်မရဘူး၊ ဒါကြောင့် ကိုယ့်ဆီမှာ မျိုးမထုတ်နိုင်သေးတဲ့ ကာလတစ်ခုမှာ အာလူးစိုက်တောင်သူတွေ အဆင်ပြေစေဖို့ မျိုးအာလူးတင်သွင်းတာနဲ့ ပတ်သက်ပြီး စီစဉ်ပေးစေလိုပါတယ်။" ဟု ဟဲဟိုး အာလူးအသင်းမှ ဦးအောင်သန်းကျော်ခေါ် ဦးချမ်းထွေးက အကြံပြုပြောကြားသည်။

လက်ရှိတွင် ရှမ်းပြည်နယ်ရှိ အာလူးစိုက်တောင်သူများသည် စိုက်ပျိုးဧကများစွာ စိုက်ပျိုးကြသော်လည်း အကျိုးဖြစ်ထွန်းမှု အားနည်းလျက်ရှိသည်။ အာလူးစိုက်တောင်သူများတွင် မျိုးကောင်းမျိုးသန့်အသုံးမပြုနိုင်ခြင်း၊ ရောဂါဒဏ်ခံနိုင်မှုနည်းသောမျိုးများ အသုံးပြုနေကြရခြင်း၊ သဘာဝမြေဩဇာ လုံလုံလောက်လောက် မထည့်သွင်းနိုင်ခြင်း၊ ရေကို လိုအပ်သလောက် မထည့်သွင်းနိုင်ခြင်း စသည့်အခက်အခဲများ ရင်ဆိုင်နေကြရသည်။ ထိုကဲ့သို့ စိုက်ပျိုးတောင်သူများ တွေ့ကြုံနေရသည့် အခက်အခဲများကိုကျော်လွှန်ကာ ပြည်နယ်၏ စီးပွားဖြစ်စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်သည့် အာလူးစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးတောင်သူများ အကျိုးအမြတ်ပိုမိုရရှိစေရေးကို မျိုးအာလူးဖြန့်ဝေမှု ထူထောင်ခြင်းအစီအစဉ်က တစ်နည်းတစ်လမ်းဖြင့် အထောက်အပံ့ပြု ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## မြဝတီခရိုင် Mobile Team အဖွဲ့က တိရစ္ဆာန်များ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**မြဝတီ ဇူလိုင် ၁၆**

မြန်မာ-ထိုင်း နယ်စပ်မြို့တစ်မြို့ဖြစ်သည့် ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့သည် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်း၊ တင်ပို့မှုများရှိရာ တိရစ္ဆာန်စစ်ဆေးရေးစခန်း ဖွင့်လှစ်ထားသောမြို့ဖြစ်သဖြင့် တိရစ္ဆာန်များ ကူးစက်ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် မြဝတီခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင် Mobile Team အဖွဲ့နှစ်ဖွဲ့က ပုံမှန်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ မြဝတီခရိုင် Mobile Team အဖွဲ့က ယနေ့တွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မြဝတီခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင့်လွင်၊ မြဝတီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမင်းဝင်းအောင်နှင့် ဝန်ထမ်းများ၊ မြဝတီခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတင်နိုင်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်သည်။

အလားတူ မြဝတီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမင်းဝင်းအောင်နှင့် ဝန်ထမ်းများက မြဝတီမြို့နယ်အတွင်း တိရစ္ဆာန်များ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် ကာကွယ်ဆေးထိုးခြင်း၊ မွေးမြူရေးခြံများအား ပိုးသတ်ဆေးဖျန်းခြင်း၊ ပညာပေးပိုစတာများ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လင်းခေးမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှုရက်သတ္တပတ်အဖြစ် ကွင်းဆင်းဆောင်ရွက်

**မိုးနဲ ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် ကွင်းဆင်းဆောင်ရွက်ခြင်းကို ဝမ်စစ်ကျေးရွာ နွားမွေးမြူသူတောင်သူများနှင့် ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက် ၈ နာရီက ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာညွန့်နိုင်ဦးဆောင်၍ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့စိတ်မှ အဖွဲ့ဝင်များက တိရစ္ဆာန်ရောဂါစူးစမ်းထောက်လှမ်းခြင်းကို ဆောင်ရွက်ခြင်း၊ ကျွဲ၊ နွား ခွာနာလျှာနာရောဂါနှင့် အရေပြားအကျိတ်နာရောဂါများအကြောင်း အသိပညာပေးဆွေးနွေးပြီး မွေးမြူရေးတောင်သူငါးဦး၏ နွားကောင်ရေ



၆၅ ကောင်ကို ခွာနာလျှာနာရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် တိရစ္ဆာန်ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

## ဝေါမြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ရွက်

**ဝေါ ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှုကို ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်သတ်မှတ်၍ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ကံမြင့်ကျေးရွာနှင့် ရှမ်းစုကျေးရွာတို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးလှုပ်ရှားဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခိုင်စိုးဝင်းက တိရစ္ဆာန်များ ရောဂါကာကွယ်နိုင်ရေးအတွက် ဇီဝလုံခြုံရေးအကြောင်းကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသည့် တောင်သူများနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် လားရှိုးတပ်နယ်အသင်းက ဒိုင်းဆုရရှိ

**နေပြည်တော် ဇူလိုင် ၁၆**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၁၅ ရက် ညနေပိုင်းတွင် လားရှိုးတပ်နယ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် (စခန်းရုံး)အသင်းနှင့် လားရှိုးတပ်နယ်အသင်းတို့၏ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် လားရှိုးတပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၆ ရက်မှ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**○ အာဆီယံမှ**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် အိမ်ရှင် ဖိလစ်ပိုင်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တတိယလုပွဲနှင့် ဗိုလ်လုပွဲတွင် အုပ်စုတူအသင်းများ ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး အုပ်စုတွင်းတွေ့ဆုံမှုတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို လေးဂိုးပြတ်၊ ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်အတွက် အမာခံကစားသမားများ အနားပေးခဲ့သဖြင့် ဗီယက်နမ်ကို ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်ပြီး ယခုတွေ့ဆုံမှုတွင် ရှုံးကြေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းကို နှစ်ဂိုးပြတ်အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင် ဖိလစ်ပိုင်အသင်းသည် ဆီမီးဖိုင်နယ်တွင် နာမည်ကြီး ဗီယက်နမ်ကို အံ့အားသင့်ဖွယ် လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သော်လည်း တတိယနေရာအတွက် ဗီယက်နမ်နှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းမှုကို အဆုံးသတ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

**ကိုညီလေး**

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊

(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟုသံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှု အမြန်ဆောင်ရွက်ရန်၊

(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊

(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊

(၈) တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲရုတ်တရက်သေဆုံးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အမြန်ရောင်းလိုသည်

– ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းမပေါ်ရှိ (၁၆၀၀)sqft အကျယ်ရှိ (၄)လွှာကွန်ဒိုတိုက်ခန်း သိန်း(၁၈၀၀) ဖုန်း–09-974585754

– ပေ(၄၀x၆၀)အကျယ်ရှိ ခြံပေါ်ရှိ တစ်ထပ်အိမ်ပါ၊ မြို့မငြိမ်း(၂)လမ်း၊ လှိုင်သာယာ။ သိန်း(၁၁၀၀) ဖုန်း–09-795539174

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၁၂၆/၁၄)ဟု ခေါ်တွင်သော ခြံ၏အရှေ့ဘက်သို့လားသော်–မာလာလမ်း၊ အနောက်ဘက်သို့လားသော်– ဦးချစ်မြင့်၏ နေအိမ်အဆောက်အဦ၊ လက်ယာဘက်သို့လားသော်–ဦးစံမြင့်၏ နေအိမ်အဆောက်အဦ၊ လက်ဝဲဘက်သို့လားသော် ဦးလှမျိုး၏ နေအိမ်ခြံမြေကွက်တို့တည်ရှိပြီး ဧရိယာ(၂၃ပေx၉၀ပေ)ရှိ မြေပို(၁၅ပေx၂၃ပေ)ရှိ ခြံမြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ ခြံမြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် လက်ရှိလက်ဝယ်နေထိုင်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်ထွေး(ဘ)ဦးဟာရှင်[၁၂/မရက(နိုင်)၁၁၈၇၃၆]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်လင်းအောင်[၁၀/သထန(နိုင်)၀၆၅၅၃၈]နှင့် ဒေါ်ခင်သီတာဦး[၁၂/မဂဒ(နိုင်)၁၃၀၆၇၀]ကိုင်ဆောင်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှ စ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်စာချုပ်စာတမ်း ပိုင်ဆိုင်မှုမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုးရန်နိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ စဉ်–၁၄၈၃၈(၃၁–၇–၂၀၁၈)**
**အမှတ်(၁၂/က)၊ မြေညီထပ်၊ အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:01-521236,09-428177487,09-795128994**

## "မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း"

ယာဉ်အမှတ် 34W/70549 ၊ ယာဉ်မှတ်ပုံတင်အမည်ပေါက်သူ/ လက်ဝယ်ရှိသူ ဦးမိုးနိုင် [၁၄/မမက(နိုင်)၀၀၇၂၃၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့် ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်–

**က.ည.န ခရိုင်ရုံး (မအူပင်)**
**(မအူပင်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–စိုက်/မွေး(၁)၊ မြေကွက်အမှတ်(၅/၂၁)၊ အကျယ်(၈၀'x၁၂၀')၊ ဧရိယာ (၀.၂၂၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်/မွေး (၁)ရပ်ကွက်၊ (၂)လမ်းနှင့်ခေါင်ညိုလမ်းထောင့်၊ အမှတ်(၅/၂၁) ဟုခေါ်တွင်သော နေအိမ်အဆောက်အဦတို့မှာ ဦးဇင်ဇာဝင်း အမည်ပေါက်လျက်ရှိပါသည်။ ဦးဇင်ဇာဝင်းထံမှ ရောင်းချသူမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍တစ်ဦးတည်း လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းနိုင်ဦး [၁၀/ခဆန(နိုင်)၁၆၆၂၆၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နေအိမ်အဆောက်အဦနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မင်းမင်းသန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၄၀၄)**
**အမှတ်–၅၅၊ ဒုတိယထပ်၊ အခန်း (၁၇)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၃၂၄၃၇၄၂**

**❖ MNL မှ**

နိုင်ပွဲပြန်လည်ရယူနိုင်ရန် အတွက် နှစ်သင်းစလုံး ပွဲထွက် လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ဟံသာဝတီအသင်းသည် ပြည့်ဖြိုးအောင် (ဂိုး)၊ မျိုးဇော်ဦး၊ လားဒင်မောရ၊ ထက်လင်းလင်း၊ ရွှေလှိုင်ဝင်း၊ ရဲလင်းထက်၊ ဝင်းမိုးကျော်၊ စိုးကျော်ကျော်တို့ဖြင့် ပွဲထွက်ခဲ့ကာ ရတနာပုံ အသင်းတွင်မူ ပြည့်ဖြိုးသူ (ဂိုး)၊ ဇော်ရဲထွန်း၊ မျိုးကိုထွန်း၊ သက်နိုင်၊ ဟိန်းနေဆန်းတို့ ပါဝင်ခဲ့သည်။ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေပြီး ၅၉ မိနစ်တွင် မျိုးကိုထွန်းက ပင်နယ်တီမှ တစ်ဆင့် ရတနာပုံအသင်း အတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး ၇၃ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် ချေပဂိုး ပြန်ရခဲ့သည်။ ယင်းဂိုးကို စိုးကျော်ကျော်က သွင်းယူခဲ့ခြင်း ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

လေးပွဲစီကစားအပြီးတွင် ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် လေးမှတ်စီ ရရှိထားသည်။ ပွဲစဉ် (၄) ဒုတိယနေ့အဖြစ် ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီတွင် GFA အသင်းနှင့် မဟာယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MNL**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ်(၃၄၀)၊ အရပ်အခေါ် အမှတ်(၅၅)၏ အကျယ်အဝန်း ရှေ့မျက်နှာစာ(၂၄)ပေ၊ အနောက်ဘက်(၁၆)ပေ၊ ခေါင်းရင်းအခြမ်း(၅၁)ပေ၊ ခြေရင်းဘက်အခြမ်း(၄၁)ပေရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ ရေ၊ မီး စုံလင်စွာပါရှိသော (၂)ထပ်RC အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအေဂျာဟွာ[၁၂/ကတတ(နိုင်)၀၀၈၆၅၅]ထံမှ ကျွန်ုပ်၏အမှုသည်များမှ အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်နေရည်လင်း**
**LL.B,D.I.L,D.B.L,Dip. in Global English,**
**WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၈၄၀)**
**ရုံး–အမှတ်(၉/၁၁)၊ မြေညီထပ်၊ ၃၆–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၀၀၂၇၁၀၊ ၀၉–၇၃၁၉၉၅၅၀**

## အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်မော်မညွန့် [၁၂/သဃက(နိုင်)၀၆၆၃၁၅]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

၁။ ဒေါ်မော်မညွန့်နှင့် ဦးစိန်လှိုင် [၁၂/ဗဟန(နိုင်)၀၉၀၅၉၃]တို့သည် (၁၉၈၁) ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား၊ သမီး (၄)ဦး ထွန်းကားခဲ့ရာ ကိုနောင်ရိုး၊ ကိုရန်နိုင်၊ ကိုသိမ်းအုပ်၊ မအင်ကြင်း ဟူ၍ဖြစ်ပါသည်။

၂။ ဒေါ်မော်မညွန့်၏ခင်ပွန်း ဦးစိန်လှိုင်သည် (၂၄–၁၂–၂၀၂၁)ရက်တွင် ရန်ကုန်မြို့၊ အာယုဆေးရုံတွင် ကိုဗစ်–၁၉ ရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။

၃။ ဒေါ်မော်မညွန့်၏ခင်ပွန်း ကွယ်လွန်သူဦးစိန်လှိုင် သက်ရှိထင်ရှားရှိစဉ်က ဝယ်ယူပိုင်ဆိုင်ခဲ့သော အောက်ပါ ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်၍ ဇနီး နှင့် သား၊ သမီးအမွေဆိုင်များ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမဆို ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အမည်ပြောင်းခြင်း၊ အာမခံတင်သွင်းခြင်း အစရှိသည့် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများကို မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

(က) အမှတ် (၂၈/ခ)၊ အောင်ရတနာလမ်း၊ ကြီးပွားရေး (တောင်)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦ။

(ခ) အမှတ် (၂၉/က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေး (တောင်) ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အဆောက်အဦ။

(ဂ) အမှတ် (၁၈၆)၊ ဗိုလ်စောနောင်လမ်း၊ (၁၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေနှင့် အဆောက်အဦ။

(ဃ) အမှတ် (၁၈၃၂)၊ နှင်းဆီလမ်းနှင့် ရောဝတီ (၇) လမ်းထောင့်၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိ မြို့နယ်၊ နေပြည်တော် ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦ။

(င) Lexus 460, YGN/3C – 9669

(စ) Volkswagen, MDY/1R – 5219

(ဆ) KIA 2013, Carens

**လွှဲအပ်ချက်အရ–**
**ဒေါ်နေရည်လင်း**
**LL.B, D.I.L, D.B.L, Dip. in Global English,**
**WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၈၄၀)**
**ရုံး–အမှတ် (၉/၁၁)၊ မြေညီထပ်၊ ၃၆–လမ်း (အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၀၀၂၇၁၀၊ ၀၉–၇၃၁၉၉၅၅၀**

**သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၂၅ ဆူ | ၃၉၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၀ ကျင်း | ၁၆၁၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ကြီးတံခွန်မြို့နယ်ရှိ KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံဘဏ်ခွဲမှ ငွေကျပ်သိန်း ၁၃၅၀ ခန့်အား အမျိုးသားနှစ်ဦးက သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်



CCTV မှတ်တမ်းပါ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)။

နေပြည်တော် ဇူလိုင် ၁၆

မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံဘဏ်ခွဲမှ ငွေကျပ်သိန်း ၁၃၅၀ ခန့်အား အမျိုးသားနှစ်ဦးက ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းက သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်သွားကြောင်း သိရသည်။

**လုယက်ယူဆောင်**

ဖြစ်စဉ်မှာ ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် ၁၃၃ လမ်းနှင့် ၁၃၄ လမ်းကြား၊ ၇၈ လမ်း၊ ရန်ကုန်-မန္တလေး ကားလမ်းမကြီး လမ်းဟောင်း အရှေ့ဘက်၌ ဖွင့်လှစ်ထားသည့်

**စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ☆**

ယနေ့ ဖတ်စရာ

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား ဦးဆောင်သူ တရားခံပြေး ကောင်းသိုက်စိုး အပါအဝင် သုံးဦးကို ဖမ်းဆီးရမိ**

စာမျက်နှာ - ၁၅

## အာဆီယံ အမျိုးသမီးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ယနေ့ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၁၇ ရက်(ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တတိယနေရာလုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ○

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၆

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳**

## MNL ပြိုင်ပွဲတွင် ဟံသာဝတီနှင့် ရတနာပုံ သရေကျ

ရန်ကုန် ဇူလိုင် ၁၆

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) ပထမနေ့ကို ဇူလိုင် ၁၆ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ဟံသာဝတီနှင့် ရတနာပုံအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

ရှုံးပွဲဆက်နေသည့် ဟံသာဝတီနှင့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့သော်လည်း နိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ ထူးခြားမှုအဖြစ် ယခုသရေပွဲမှာ ၂၀၂၂ ရာသီ MNL ပြိုင်ပွဲ၏ ပထမဆုံးသရေပွဲဖြစ်ခဲ့ပြီး ၁၆ ပွဲမြောက်မှ သရေပွဲထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ❖**



ဟံသာဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။